# ပထမအကြိမ်ပြည်သူ့လွှတ်တော်

# ဒုတိယပုံမှန်အစည်းအဝေး

# ၄၆ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)

# (၄-၁၁-၂၀၁၁)

**အချိန်** ၊၁၀း ၀၀။

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးမစတင်မီမှာ ရပ်/ကျေးဥပဒေကြမ်းပြင်ဆင်ချက်ဇယားနဲ့ပတ်သတ်လို့ ကြိုတင်တင်ပြလိုတဲ့အချက်တစ်ချက် ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီးအများစုထံသို့ ရပ်/ကျေးဥပဒေပြင်ဆင်ချက်ဇယားကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ပေးပို့တဲ့အတိုင်း ဖြန့်ဝေထားပါတယ်။ အဲဒီဖြန့်ဝေချက်မှာ တင်ပြထားတဲ့အချက်ဟာ ၅၆ ချက်ရှိသော်လည်း ကျွန်တော်တို့အနေနဲ့ ပြန်လည်စိစစ်တဲ့အခါမှာ ၇၁ ချက်ရှိတဲ့အတွက် ပြင်ဆင်ချက်အဆိုတင်သွင်းမယ့် ကိုယ်စားလှယ်များကိုတော့ ကျွန်တော်တို့ ပြင်ဆင်ထားတဲ့အတိုင်း ဖြန့်ဝေထားပါတယ်။ ကျန်တဲ့ အမှတ်စဉ်အပြောင်းအလဲများဟာ ကျန်တဲ့အပိုဒ်၊ အပိုဒ်ခွဲများ အကြောင်းအရာများ ပြောင်းလဲခြင်းမဟုတ်ဘဲနဲ့ အမှတ်စဉ်တပ်တဲ့နေရာပဲ အနည်းငယ်အပြောင်းအလဲရှိတာဖြစ်တဲ့အတွက် ဥက္ကဋ္ဌကြီးထံမှ ဒီတင်ပြတဲ့အခါမှာ အမှတ်စဉ်နဲ့ စာမျက်နှာကတော့ အနည်းငယ်ပြောင်းလဲကောင်း၊ ပြောင်းလဲမှုရှိနိုင်ပါတယ်။ သို့သော်လည်း အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာများ ပြောင်းလဲမှုမရှိတဲ့အတွက် အပိုဒ်၊ အပိုဒ်ခွဲများ၊ အကြောင်းအရာပေါ်မှာပဲမူတည်ပြီးတော့ ကြည့်ရှုပေးဖို့ လေးစားစွာ ကြိုတင်တင်ပြအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၄၆ ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၆ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၇၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေး

သို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၅.၄၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမောင်ဦး(တပ်ကုန်းမဲဆန္ဒနယ်)** ။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပမယ့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၄၆ ရက်မြောက်နေ့မှာ ခွင့်တိုင်ကြားသူ စုစုပေါင်း ၆ ဦးရှိကြောင်း တင်ပြအပ်ပါတယ်။ ၎င်းတို့တစ်ဦးချင်းကိုယ်စား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် စိစစ်ရေးကော်မတီဥက္ကဋ္ဌဖြစ်တဲ့ ကျွန်တော်မှ တစ်ပေါင်းတည်း တင်ပြပန်ကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ယနေ့အစည်းအဝေးသို့ ခွင့်တိုင်ကြားသူ စုစုပေါင်း ၆ ဦးမှာတော့ တပ်မတော် ကိုယ်စားလှယ် ဗိုလ်မှူးဝင်းမိုးနိုင်သည် နေမကောင်းဖြစ်နေပါသဖြင့် ယနေ့ခွင့်တစ်ရက်အားလည်းကောင်း၊ သံတောင်မဲဆန္ဒနယ်မှ ဦးစောနေကော်ကြီးသည် နေမကောင်းဖြစ်နေပါသဖြင့် ၄-၁၁-၂၀၁၁ ယနေ့ တစ်ရက်အားလည်းကောင်း၊ ကျောက်တော်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာစိန် သည် ကိုယ်တိုင်ဆောင်ရွက်ရမည့်ကိစ္စရပ်များရှိနေပါသဖြင့် ယနေ့တစ်ရက်အားလည်းကောင်း၊ ကျောက်တံခါးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေသည် ကိုယ်တိုင် ဆောင်ရွက်ရမည့် ကိစ္စရှိနေပါသဖြင့် ယနေ့ ခွင့်တစ်ရက်အားလည်းကောင်း၊ မိုးညှင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးသည် ကိုယ်တိုင်ဆောင်ရွက်ရမည့်ကိစ္စရှိနေပါ သဖြင့် ယနေ့အား ခွင့်တစ်ရက်အဖြစ်လည်းကောင်း၊ သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်းသည် နေမကောင်း ပါသဖြင့် ယနေ့ခွင့်တစ်ရက်အားလည်းကောင်း၊ စုစုပေါင်း ၆ ဦးရှိပါကြောင်း တင်ပြခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၆ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ၁၄-၉-၂၀၁၁ ရက်နေ့က အတည်ပြုခဲ့တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ၁၉-၉-၂၀၁၁ ရက်နေ့တွင် ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို ၂၇-၁၀-၂၀၁၁ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များနဲ့ ပြန်လည်ပေးပို့လာတဲ့အတွက် ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၆၂ အရ လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက် မိတ္တူများကိုလည်း ၃၀-၁၀-၂၀၁၁ ရက်နေ့မှာ ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ပြင်ဆင်ချက်အဆိုကို ဆွေးနွေးတင်သွင်းရန် သတ်မှတ်ထားတဲ့ ၁-၁၁-၂၀၁၁ ရက် ၁၆၀၀ နာရီကာလအထိ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနဲ့ ကိုယ်စားလှယ်သုံးဦးတို့က ပြင်ဆင်ချက် ၄၁ ခု ပေးပို့ထားပါတယ်။ ဒါကြောင့် မနေ့က အဆိုတင်ပြထားတဲ့ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၅၊ အမှတ်စဉ် ၇၊ အခန်း ၃၊ အပိုဒ် ၅(ဃ) စီးပွားရေးအခြေခံရှိသူဖြစ်ခြင်း၊ စားဝတ်နေရေး ဖူလုံမှုရှိသူဖြစ်ခြင်း ကျွန်တော် ပြန်တင်ပြပါ့မယ်။ ဝန်ကြီးဌာနကစပြီး တင်ပြတုန်းက စီးပွားရေး အခြေခံရှိသူဖြစ်ခြင်း၊ ပြည်သူ့လွှတ်တော် အတည်ပြုချက်က စားဝတ်နေရေးဖူလုံမှုရှိသူဖြစ်ခြင်း၊ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်က စီးပွားရေးအခြေခံရှိသူဖြစ်ခြင်း၊ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အပေါ် ပြင်ဆင်လိုတာက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန်ဖြစ်ပါ သည် ဆိုပြီးတော့ ဥပဒေကြမ်းကော်မတီက ဒီလိုတင်ပြထားပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်း ကော်မတီက ဘာကြောင့်မူလအတိုင်း ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်းထားရှိရန်ဖြစ်တယ် ဆိုတာ ဥပဒေကြမ်းကော်မတီမှတင်ပြရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကနေပြီးတော့ ကျေးရွာရဲ့အုပ်ချုပ်ရေးမှူး ဥပဒေကြမ်းပုဒ်မ ၅(ဃ)မှာပါရှိတဲ့ ဝန်ကြီးဌာနရဲ့အဆိုပြုလာတဲ့ စီးပွားရေးအခြေခံရှိသူဖြစ်ခြင်းဆိုတဲ့အချက်ကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာ အတည်ပြုပြီးဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကနေပြီးတော့ စီးပွားရေး အခြေခံရှိသူဖြစ်ခြင်းကို ပြန်လည်ပြင်ဆင်ချက်နဲ့ ပေးပို့လာပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် အနေနဲ့ စားဝတ်နေရေးဖူလုံမှုရှိသူဖြစ်ခြင်းဆိုတဲ့အချက်က ပိုပြီးတော့သင့်လျော်မယ်လို့ယူဆပါတယ်။ စီးပွားရေးအခြေခံရှိသူ ဖြစ်ခြင်းဆိုတဲ့အချက်က ကျေးရွာအုပ်ချုပ်ရေးမှူး ပြုလုပ်မယ့်ပုဂ္ဂိုလ်ရဲ့

အခြေအနေကို များစွာပြောင်းလဲနိုင်တဲ့ အနေအထားရှိပါတယ်။ ကျေးရွာ၊ ရပ်ကွက်တွေမှာဆိုလို့ရှိရင် စီးပွားရေးအခြေခံရှိသူဆိုတဲ့အချက်နဲ့ စားဝတ်နေရေးဖူလုံမှုရှိသူဆိုတဲ့အချက်က အတော်အတန် ကွာဟမှုရှိပါတယ်ခင်ဗျား။ စားဝတ်နေရေးဖူလုံမှုရှိသူတစ်ယောက်အနေနဲ့ ကျေးရွာအုပ်ချုပ်ရေးမှူး တာဝန်ကို ထမ်းဆောင်နိုင်တဲ့၊ ထမ်းဆောင်နိုင်ခွင့်ရှိရန် လုံလောက်တဲ့အတွက် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းထားရှိဖို့ အဆိုတင်သွင်းခြင်းဖြစ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် လွှတ်တော်ရဲ့သဘောထားရယူပါမယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အတည်ပြုပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ**။ ။ အတည်မပြုသူ၊ ကန့်ကွက်သူရှိပါသလားခင်ဗျား။ မရှိတဲ့အတွက်ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ စားဝတ်နေရေးဖူလုံမှုရှိခြင်းသည် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၈ ဝန်ကြီးဌာနရဲ့ အဆိုပြုချက်အပေါ် ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်က သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်းဆုံး ၁၀ နှစ်နေထိုင်လျက်ရှိသူဖြစ်ပြီး လက်ရှိတာဝန်ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် အမှန်နေထိုင်မည့်သူဖြစ်ခြင်း ဒါကပြည်သူ့လွှတ်တော်က အတည်ပြုချက်ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်းဆုံး ၁၀ နှစ်နေထိုင်လျက်ရှိသူဖြစ်ခြင်း ခြွင်းချက် ဒေသခံအငြိမ်းစားဝန်ထမ်းများဖြစ်ပါက သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သည့်ကာလကို လျှော့ပေါ့စဥ်းစားနိုင်သည်။ ဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်ကို ထောက်ခံမယ့်လူရှိရင် မတ်တတ်ရပ်ပေးပါ။ ၄ ယောက်ရှိပါတယ်။ ထိုင်နိုင်ပါပြီ။ ကြားနေမယ့်လူရှိရင် မတ်တတ်ရပ်ပေးပါ။ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ ကျွန်မက ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်တစ်ခုနဲ့ အမျိုးသားလွှတ်တော်ရဲ့ ခြွင်းချက်တစ်ခု၊ အဲဒီနှစ်ခုစလုံးရချင်တာရှင့်။ (သြဘာသံများ)

**ဦးဋ္ဌေးဦး(ဟသ္သာတမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီအမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုတယ်ဆိုတဲ့အထဲမှာ တစ်ခုလိုချင်ပါတယ်။ ဒီတစ်ခုကတော့ ခြွင်းချက်ဖြစ်တဲ့ ဒေသခံအငြိမ်းစားဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း

နေထိုင်သည့်ကာလကို လျှော့ပေါ့စဉ်းစားနိုင်သည်ဆိုတဲ့ဥစ္စာကို ကျွန်တော်တို့ မူလတင်ထားတဲ့ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့အထဲမှာဖြည့်စွက်ပြီး ကျွန်တော်က အတည်ပြုတယ်ဆိုတဲ့ အကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။တင်ပြချက်များ နားလည်လက်ခံပါတယ်။ ဒါပေမယ့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို မိမိတို့ကသဘောတူတယ်၊ မတူတယ်ဘဲ ပြောပိုင်ခွင့်ရှိပြီးတော့ ခုနကလိုချင်တဲ့ ခြွင်းချက်ကို ပြည်ထောင်စုလွှတ်တော်မှာပဲ အဆိုတင်သွင်းပြီးတော့ မဲခွဲဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခုနကကြေညာတာ အတည်ဖြစ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၆၊ အမှတ်စဉ် ၉၊ အခန်း (၃) ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်။ ရပ်ရွာကကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသူဖြစ်ခြင်း၊

အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက် ။ အကျင့်စာရိတ္တကောင်းမွန်၍ ရပ်ရွာကကြည်ညို လေးစားခြင်းခံရပြီး သိက္ခာသမာဓိရှိသူဖြစ်ခြင်း၊ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အပေါ်ပြည်သူ့ လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ထားရှိရန်ဆိုပြီးတော့ ဥပဒေကြမ်းကော်မတီက ဒီလို ပြင်ဆင်ဖို့ အဆိုပြုထားပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့သဘောထား ဘာကြောင့်ဆိုတာတင်ပြပေးပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မူလဝန်ကြီးဌာနရဲ့အဆိုပြုချက်ဟာ ရပ်ရွာကကြည်ညိုလေးစားခြင်းခံရပြီး သြဇာ ကိတ္တိမနှင့် သိက္ခာသမာဓိရှိသူဖြစ်ခြင်းဆိုတဲ့အချက်ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက် ဟာ အကျင့်စာရိတ္တကောင်းမွန်၍ ရပ်ရွာကကြည်ညိုလေးစားခြင်းခံရပြီး သိက္ခာသမာဓိရှိသူဖြစ်ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့အချက်ကတော့ ရပ်ရွာကကြည်ညို လေးစားခြင်းခံရပြီး သိက္ခာသမာဓိရှိသူဖြစ်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ရဲ့ အတည် ပြုချက်အတိုင်းထားရှိဖို့ အဆိုတင်သွင်းရတဲ့အကြောင်းအရင်းဟာ ရပ်ရွာမှာကြည်ညိုလေးစားခြင်းခံရ ပြီး သိက္ခာသမာဓိရှိသူတစ်ယောက်အား အကျင့်စာရိတ္တကောင်းမွန်ကြောင်းဆိုတဲ့အချက်ကို ထပ်မံ ထည့်စရာမလိုတော့ဘူးလို့ယူဆတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းထားရှိဖို့ အဆိုတင်သွင်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ရဲ့ မူလအတည်ပြုချက်ကို ကန့်ကွက်သူရှိက မတ်တတ်ရပ် ပေးပါ။ ကြားနေသူရှိက မတ်တတ်ရပ်ပေးပါ။ ကန့်ကွက်သူ၊ ကြားနေသူမရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၀ ၊အခန်း(၃)၊ ၅(ဈ)ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်၊ အတူနေမိသားစုဝင်များသည်လည်း အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်သူဖြစ်ခြင်း။အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်၊ မိသားစုဝင်များသည် အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်သူများဖြစ်ခြင်း။ အမျိုးလွှတ်တော်ရဲ့ ပြင်ဆင်ချက်အပေါ်ပြင်ဆင်ရန်၊ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းထားရှိရန်ဆိုပြီးတော့ မူလအတိုင်းထားဖို့ ပြည်သူ့လွှတ်တော်က ဥပဒေကြမ်းကော်မတီမှ တင်ပြထားပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ဒီလို ဆောင်ရွက်မယ်ဆိုတဲ့အကြောင်း ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဝန်ကြီးဌာနရဲ့မူလအဆိုပြုချက်ဟာ မိသားစုဝင်များသည်လည်း အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်သူများဖြစ်ခြင်း၊ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်မှာလည်း မိသားစုဝင်များသည် အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်သူဖြစ်ခြင်းဆိုပြီးရှိပါတယ်။ ကျွန်တော်တို့ပြည်သူ့လွှတ်တော်မှာ အတူနေမိသားစုဝင်များသည်လည်း အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်သူဖြစ်ခြင်းဆိုတဲ့အချက်ကို ပြည်သူ့လွှတ်တော်မှာ မဲခွဲဆုံးဖြတ်ထားပြီးဖြစ်ပါတယ်။ ဒီအချက်ကို ဘာလို့ကျွန်တော်တို့က မူလအတိုင်းထားရှိဖို့ အဆိုတင်သွင်းရလဲဆိုလို့ရှိရင် ကျေးရွာအုပ်ချုပ်ရေးမှူးလုပ်မယ့် ပုဂ္ဂိုလ်တစ်ဦးရဲ့ မိသားစုဝင်ဆိုတာ ဒီတစ်ရွာတည်းမှာလဲ မဟုတ်ဘူး။ အခြားရွာ၊ အခြားနေရာတွေမှာလည်းရှိနိုင်ပါတယ်။ သူနဲ့အတူနေမိသားစုနဲ့ အတူတူနေတဲ့မိသားစုဝင်များလည်းရှိနိုင်ပါတယ်။ အခြားတစ်ရပ်ရွာမှာရှိနေတဲ့ သူရဲ့မိသားစုဝင်ဟာဆိုးသွမ်းမိုက်မဲနေတယ်ဆိုလို့ရှိရင်လည်း အဲဒီရဲ့အကျိုးကျေးဇူးဟာ ဒီကျေးရွာအုပ်ချုပ်ရေးမှူးလုပ်မယ့် ပုဂ္ဂိုလ်အပေါ်မှာ ဒီအတိုင်းထားမယ်ဆိုလို့ရှိရင် အကျိုးသက်ရောက်မှုရှိလာနိုင်တဲ့အတွက် သူနဲ့အတူတူနေတဲ့မိသားစုများကအကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်တယ်ဆိုရင်ပဲ ကျေးရွာအုပ်ချုပ်ရေးမှူးအနေနဲ့ လက်ခံသင့်တယ်လို့ယူဆတဲ့အတွက် ကျွန်တော်တို့ပြည်သူ့လွှတ်တော်ရဲ့ အဆိုပြုချက်အတိုင်း ပြန်လည်အတည်ပြုပေးဖို့ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကို ကန့်ကွက်မယ့်သူရှိက မတ်တတ်ရပ်ပေးပါ။ ထိုင်နိုင်ပါပြီ။ ဒီနေရာမှာထပ်ပြီးပြောလို့ မရတော့ပါဘူး။ ကန့်ကွက်သူ၊ ကြားနေသူသာမေးဖို့ရှိပါတယ်။ ကြားနေသူရှိက မတ်တတ်ရပ်ပေးပါ။ ဒါကြောင့် ပြည်သူ့လွှတ်တော်တစ်ယောက်သောသူကလွဲလို့ အများစုက ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်ကို ထောက်ခံတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် (၁၁)၊ အခန်း(၃) အသစ်ထည့်ခြင်း၊ မူလပြဋ္ဌာန်းချက်မရှိ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်က (၄)၊ လက်နက်ကိုင်အဖွဲ့အစည်းဝင် မဟုတ်ခြင်း။ အမျိုးသား လွှတ်တော်ရဲ့ ပြင်ဆင်ချက်က (၄)၊ လက်နက်ကိုင်အဖွဲ့အစည်းဝင်မဟုတ်ခြင်း၊ မတရားအသင်းအဖွဲ့ များ၌ ပါဝင်သူဆက်သွယ်သူမဟုတ်ခြင်း။ ဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို အားလုံးလဲဖတ်ပြီးတော့ အဓိပ္ပါယ်လဲရှိပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို ထောက်ခံ မယ့်သူရှိရင် မတ်တတ်ရပ်ပေးပါ။ လက်နက်ကိုင်အဖွဲ့အစည်းဝင်မဟုတ်ခြင်းအပြင် မတရားအသင်း အဖွဲ့အစည်းများ၌ ပါဝင်ဆက်သွယ်သူမဟုတ်ခြင်း အများစုဖြစ်ပါတယ်။ ရပါပြီ။ အများစုဖြစ်ပါတယ်။ ထိုင်နိုင်ပါပြီခင်ဗျား။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာပိုဒ် ၁၂၊ အခန်း (၄)၊ ပုဒ်မ ၆ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိပါဘူး။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ပေးထားပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ယင်းတာဝန်ကိုထမ်း ဆောင်ရန်ဆန္ဒရှိသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အများကြည်ညိုလေးစားပြီး နိုင်ငံရေးပါတီဝင် မဟုတ်သော သြဇာတိက္ကမရှိသည့်ရပ်မိရပ်ဖ အနည်းဆုံးငါးဦးကို အများဆန္ဒနှင့် အညီ ကျေးရွာ သို့မဟုတ် ရပ်ကွက်အပိုင်းများအလိုက် မျှတသောအချိုးဖြင့်ရွေးချယ်၍ ကြီးကြပ်ရေး အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အပေါ် ပြင်ဆင်ရန် အဆိုပြုထားပါတယ်။ ဒါက ဝန်ကြီးဌာနရဲ့အဆိုပြုချက်အတိုင်း ထားရှိရန်ဖြစ်သည် ဦးသိန်းညွန့်က ပြင်ဆင်ရန် အဆိုပြုထားပါတယ်။ ဦးသိန်းညွန့် ရှင်းလင်းပြောကြားပေးပါ။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံရေးပါတီဝင်မဟုတ်သောဆိုတဲ့အချက်ကို ပယ်ဖျက် ပြီးတော့ မူလဝန်ကြီးဌာနက ပြဋ္ဌာန်းချက်အတိုင်းထားသင့်ပါတယ်။ ကျွန်တော်တို့ဖွဲ့စည်းပုံအခြေခံမူ မှာကိုကစစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးသို့ ဦးတည်ထားပါ တယ်။ နိုင်ငံရေးပါတီများနှင့်ပတ်သက်ပြီးတော့လည်း နိုင်ငံရေးပါတီတွေဟာ လွတ်လပ်စွာစည်းရုံးခွင့် ရှိတယ်။ ရွေးကောက်ပွဲမှာပါဝင်ယှဉ်ပြိုင်ခွင့်ပေးထားပါတယ်။ အဲဒီတော့ ကျွန်တော်တို့အခြေခံဥပဒေ အရကိုပင် နိုင်ငံရေးပါတီဝင်များရဲ့အခန်းကဏ္ဍကို အသိအမှတ်ပြုလာပါတယ်။ အဲဒီတော့ ရပ်ကွက် ကျေးရွာတွေမှာ ကြီးကြပ်ရေးအဖွဲ့မှာပဲဖြစ်ဖြစ် အခြားတာဝန်ယူမယ့်သူများဖြစ်ဖြစ် နိုင်ငံရေးပါတီဝင် ဖြစ်တယ်ဆိုတဲ့အချက်နဲ့ ပယ်ဖျက်တယ်ဆိုရင် အခြေခံဥပဒေနဲ့သော်လည်းကောင်း၊ လူ့အခွင့်အရေး

အနေနဲ့သော်လည်းကောင်း နိုင်ငံရေးပါတီဝင်ဖြစ်တဲ့ပုဂ္ဂိုလ်များကို အဆင့်ခြားတဲ့သဘော သက်ရောက်ပါတယ်။

နောက်တစ်ခုက မူအရပြောရရင်လည်း နိုင်ငံရေးပါတီဆိုတာ ပြည်သူနဲ့အစိုးရကြားမှာ ပေါင်းကူးပေးရတဲ့အဖွဲ့ပါ။ နိုင်ငံရေးပါတီဝင်တွေ၊ နိုင်ငံရေးပါတီတွေရဲ့ အခန်းကဏ္ဍကို ဒီမိုကရေစီစနစ်မှာ မြင့်မြင့်မားမားတန်ဖိုးထားရပါမယ်။ နိုင်ငံရေးပါတီဝင်မို့ဆိုပြီးတော့ ဝိုင်းပယ်ခဲ့တဲ့ အလေ့အကျင့်မျိုးကိုတော့ အခု ကျွန်တော်တို့ အသွင်ကူးပြောင်းရေးကာလမှာ အပြီးအပိုင်ချုပ်ငြိမ်းစေဖို့လိုအပ်ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ထားတဲ့ နိုင်ငံရေးပါတီဝင်မဟုတ်သောအချက်ကို ပယ်ဖျက်ပြီးတော့ မူလဝန်ကြီးဌာနရဲ့ ပြဋ္ဌာန်းချက်အတိုင်း ရပ်ကွက်အတွင်းမှာ ဩဇာတိက္ကမရှိတဲ့သူဟာ နိုင်ငံရေးပါတီဝင်လည်း ဖြစ်ချင်ဖြစ်မယ်။ နိုင်ငံရေးပါတီဝင်မဟုတ်သူလည်း ဖြစ်ချင်ဖြစ်မယ်။ အဲဒါကြောင့် မူလဝန်ကြီးဌာနရဲ့ တန်းတူပေးထားတဲ့အခွင့်အရေးအတိုင်း ဆက်လက် ပြဋ္ဌာန်းသင့်တယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ဒီပြင်ဆင်ချက်ကို တင်သွင်းရခြင်း ဖြစ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျွန်တော် ဦးသိန်းညွန့်ပြောတာကို နားလည်တာက နိုင်ငံရေးပါတီဝင်ကို ဒီအထဲမှာ ပါဝင်ခွင့်မရဘူးဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ဆိုမယ်ဆိုလို့ရှိရင်လည်းဆုံးရှုံးတယ်။ နိုင်ငံရေးပါတီလို့ ပြောတဲ့အခါမှာ ပြောရမယ်ဆိုရင် ဘယ်နိုင်ငံရေးပါတီက မည်သူ့မဆို ပါဝင်ခွင့်ပြုတယ်ဆိုတဲ့ဟာကလည်း မျှတတဲ့သဘောရှိပါတယ်။ ဥပမာ- ဒီအထဲမှာရှိတဲ့ နိုင်ငံရေးပါတီတွေရှိတယ်။ နိုင်ငံရေးပါတီဝင်က ခုနက ရပ်ကွက်မှာဝင်ပြီးတော့ ကျေးရွာအုပ်ချုပ်မှုမလုပ်ရဘူး။ လုပ်ခွင့်မရှိဘူးဆို့လို့ရှိရင် နိုင်ငံရေးပါတီဝင်လိုက်တာနဲ့ သူ့ရဲ့အခွင့်အရေးတွေ ဆုံးရှုံးသွားနိုင်တယ်။ အဲဒီအတိုင်းပဲ နိုင်ငံရေးပါတီအဖွဲ့ဝင်များ၊ အဖွဲ့များအတွက်လည်း ဆုံးရှုံးသွားနိုင်တဲ့နေအထားဖြစ်တဲ့အတွက် ဆိုလိုတာကတော့ မည်သည့်နိုင်ငံရေးပါတီက မဆိုဝင်ခွင့်ပြုခြင်းဟာ ပါဝင်ခွင့်ပြုခြင်းဟာ ပိုပြီးတော့ ဆီလျော်မျှတတယ်လို့ ဒီလိုပဲသဘောပေါက်ပါတယ်။ မှန်ပါသလား။ ကဲဒါကြောင့်မို့လို့ ဦးသိန်းညွန့်ပြင်ဆင်ချက်အဆိုကို ကန့်ကွက်မယ့်သူရှိရင် မတ်တတ်ရပ်ပါ။ ထိုင်နိုင်ပါပြီ။ ခြောက်ယောက်ဖြစ်ပါတယ်။ ကြားနေမယ့်သူရှိရင် မတ်တပ်ရပ်ပါ။ မရှိတဲ့အတွက် အခုမျက်မြင် ဦးသိန်းညွန့်ရဲ့အဆို အနိုင်ရရှိကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကြေညာပြီးမှပဲ ပြောပါမယ်။ ဒါကြောင့်မို့လို့ ဒီနေ့ USDP ပါတီလည်း ကျေးရွာအုပ်ချုပ်ရေးမှူးလုပ်မယ်ဆိုရင်ဝင်အရွေးခံနိုင်တယ်။ NDF လည်းအရွေးခံနိုင်တယ်။ ရှမ်းတိုင်းရင်းသားတိုးတက်ရေးပါတီလည်း ဝင်အရွေးခံနိုင်တယ်။ အရွေးခံနိုင်တယ်ဆိုတဲ့အတွက် ခုနကပြောတဲ့ အချက်အလက်တွေ ညီညွတ်ပြီးတော့ ပြည်သူများကြိုက်နှစ်သက်တယ်ဆိုရင် ရပ်ကွက်ကျေးရွာ

အုပ်ချုပ်ရေးမှူးဖြစ်မယ်။ ဒါကထပ်ဆင့်ပြီးတော့ မှန်ကန်တဲ့ဆုံးဖြတ်ချက်ဖြစ်တယ်လို့ ဆုံးဖြတ်ချက်ပြီးတော့မှ ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။၁၃၊ ဝန်ကြီးဌာနရဲ့အဆိုပြုချက်ဖြစ်ပါတယ်။ ဒီအဆိုပြုချက်ကို ပြည်သူ့လွှတ်တော်က ထပ်ဆင့်ဆောင်ရွက်ထားတာမရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်လို့လည်း ပြောလို့ရပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကျတဲ့အခါကျတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ခြေစာရင်းကိုရယူ၍ သတ်မှတ်ထားတဲ့ နည်းလမ်းများနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအလိုက် ဆယ်အိမ်စုအဖွဲ့အစည်းများဖွဲ့စည်းရမည်။ ဆယ်အိမ်စုအသီးသီး၌ နေထိုင်ကြသော အိမ်ထောင်စုဦးစီး သို့မဟုတ် အသက် ၁၈ နှစ်ပြည့်ပြီးသည့် အိမ်ထောင်စုကိုယ်စားလှယ်တစ်ဦးစီအားစုစည်း၍ ယင်းတို့ရွေးချယ်မည့် ရပ်ကွက် သို့မဟုတ် ဒါကဖြင့် ဒါဆက်နေတာ။ ကျွန်တော် ပြန်ပြီးတော့ဖတ်ပါမယ်။ ဒီမှာ ဆက်နေလို့ပါ။ ဟုတ်ကဲ့။ ဒါအမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ခြေစာရင်းကိုရယူ၍ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် ဆယ်အိမ်စုအစုများဖွဲ့စည်းရမည်။ "များ"တစ်ခုပဲ ပိုတာပါ။ နည်းလမ်းများနှင့်အညီ အရေးအသားပဲပိုတာပါ။ ဒီကနည်းလမ်းနှင့်အညီ၊ကဲမဲခွဲလိုက်ပါမယ်။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အဆိုကို ထောက်ခံသူများရှိက မတ်တပ်ရပ်ပေးပါ။ ထိုင်နိုင်ပါပြီခင်ဗျား။ ဒါကြောင့် အားလုံးမြင်တဲ့အတိုင်းပဲ။ ထိုင်နိုင်ပါပြီ။ အမျိုးသား လွှတ်တော်ရဲ့ ပြင်ဆင်ချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာပိုဒ်၁၄ပါခင်ဗျား။ ဆယ်အိမ်စုအသီးသီး၌ နေထိုင်သောဆိုတာ ဒါကဝန်ကြီးဌာနရဲ့အဆိုပြုချက်ပါ။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ခြင်းမရှိပါဘူး။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်က ဆယ်အိမ်စုအသီးသီး၌ နေထိုင်ကြသော အိမ်ထောင်စုဦးစီး သို့မဟုတ် အသက် ၁၈ နှစ်ပြည့်ပြီးသည့် အိမ်ထောင်စုကိုယ်စားလှယ်တစ်ဦးစီအားစုစည်း၍ ယင်းတို့ရွေးချယ်မည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးအတွက် ပုဒ်မ ၅ တွင်သတ်မှတ်ထားသော အရည်အချင်းများကို ရှင်းလင်းပြောကြားရမည် သို့မဟုတ် အသက် ၁၈ နှစ်ပြည့်ပြီးသည့် အိမ်ထောင်စုကိုယ်စားလှယ် တစ်ဦးစီဖွဲ့စည်း၍ ကဲ ဒါကြောင့်ဒါရှင်းပါတယ်။ အားလုံးလည်းဖတ်ပြီးပြီ။ သဘောပေါက်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် ကန့်ကွက်မယ့်သူရှိရင် မတ်တတ်ရပ်ပေးပါ။ ကြားနေမယ့်သူရှိရင် မတ်တတ်ရပ်ပေးပါ။ ဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အားလုံးက ထောက်ခံတဲ့အတွက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီလိုဆိုရင်တော့ဒီနေ့ပြီးသွားနိုင်ပါတယ်။ ပြီးသွားနိုင်တဲ့အတွက်ပြီးတယ်ဆိုရင်တော့ သတင်းကောင်းလည်းကြားရပါမယ်။ အမှတ်စဥ် ၁၅၊ အခန်း(၄)၊ ပုဒ်မ ၇(ဂ) ဝန်ကြီးဌာန အဆိုပြုချက်ကို ပြည်သူ့လွှတ်တော်ကနေပြီးတော့ အတည်ပြုထားပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်က ဆယ်အိမ်စုတစ်စုတွင်ပါဝင်သော သက်ဆိုင်ရာအိမ်ထောင်ဦးစီးများက မိမိတို့ဆယ်အိမ်စုတွင် နေထိုင်သူများအနက်မှ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးအား လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်ခံရသူ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များတို့ကို တင်ပြစေရမည်။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ပါ။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ပါ။ ကျွန်တော်ဖတ်မပြတော့ပါဘူး။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အပေါ် ဦးသိန်းညွန့်က ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ထားရှိရန်ဖြစ်ပါသည်ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။ ဦးသိန်းညွန့်က ဘာ့ကြောင့် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုအတိုင်း ထားရှိတယ်ဆိုတာကို ရှင်းလင်းတင်ပြပေးပါ။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်က လျှို့ဝှက်ဆန္ဒမဲပေး၍ဆိုတဲ့အချက်ကို အတည်ပြုထားပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကတော့ အများဆန္ဒနဲ့ ကိုက်ညီသည့်နည်းလမ်းဖြင့်ဆိုတဲ့အချက်ကို ပြင်ဆင်ထားပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီစနစ်မှာ လွတ်လပ်၍တရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပပေးရတာဟာ ဒီမိုကရေစီရဲ့မူပါပဲ။ အဲဒီမူကို လက်ခံတဲ့အတွက် ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၁(ဃ) မှာလည်း ပြည်သူ့ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်တဲ့နေရာမှာ လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ကို ကျင့်သုံးရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ မူပိုင်းအရပြောရင်လည်း ဒါဟာခေါင်းဆောင်မှုလူကို ရွေးချယ်တာဖြစ်တဲ့အတွက် လျှို့ဝှက်ဆန္ဒမဲပေးရွေးချယ်ခြင်းဖြင့် ရပ်ကွက်ကျေးရွာအုပ်စုတွေမှာ တစ်ဦးနဲ့တစ်ဦး ရန်ငြိုးပွားစရာ၊ မေတ္တာပျက်စရာမရှိပါဘူး။ အများလက်ခံတဲ့ပုံစံဆိုတဲ့နည်းစနစ်က အထိန်းအကွပ်မရှိဘဲနဲ့ အင်မတန်မှကျယ်ပြန့်တဲ့အတွက် ပြဿနာအများကြီး ပေါ်ပေါက်လာနိုင်ပါတယ်။ အခုအခါမှာ ရပ်ကွက်၊ ကျေးရွာတွေမှာ ရပ်ကွက်၊ ကျေးရွာကော်မရှင်တွေ ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ အဲဒါကြောင့် ဒီမိုကရေစီရဲ့ အလေ့အကျင့်ကို အခုကတည်းကစပြီး ကျင့်သုံးနိုင်ဖို့ဆိုရင် ဒီဥပဒေကစပြီးတော့ ရပ်ကွက်၊ ကျေးရွာရဲ့ခေါင်းဆောင်များကို ရွေးချယ်တဲ့အခါမှာ အများဆန္ဒနဲ့ ကိုက်ညီပြီးတော့ လွတ်လွတ်လပ်လပ်မဲပေးနိုင်အောင် အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့အတိုင်းပဲ လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ကိုသာလျှင် ဆက်လက်ကျင့်သုံးသင့်ပါတယ်လို့ ကျွန်တော် ယူဆပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ပြန်လည်အတည်ပြုပေးပြီးတော့

အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်ကို ပယ်ဖျက်ပေးဖို့အတွက် ဒီအဆိုပြုချက်ကို ကျွန်တော် တင်ပြရခြင်း ဖြစ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သူ့ဟာတော့ ပယ်ဖျက်လို့တော့မရဘူး။ ဒါကို ကျွန်တော်တို့ရဲ့ ကျွန်တော်တို့ဆိုတာ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်ကို ပြန်ထားပေးဖို့ ဦးသိန်းညွန့်က တင်ပြတဲ့အတွက် ဒါထားမယ်ဆိုလို့ရှိရင် ဒါပြည်ထောင်စုကို ဆက်ရောက်သွားနိုင်ပါတယ်။ ဒါ့ကြောင့် ဦးသိန်းညွန့်အဆိုပြုတဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းထားရှိရန်ကို ကန့်ကွက်သူရှိက မတ်တတ်ရပ်ပေးပါ။ ကြားနေသူရှိက မတ်တတ်ရပ်ပေးပါ။ ဒါကြောင့် ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၆၊ ၄၊ ၇(စ) ဝန်ကြီးဌာနရဲ့အဆိုပြုချက် ရှိပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်ရှိပါတယ်။ အဲဒီအတိုင်းပဲ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ရှိပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်ကို ဦးအောင်သိန်း၊ ရွှာငံက ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းထားရှိရန် ဖြစ်ပါသည်ဆိုပြီးတော့ ပြန်လည်အဆိုပြုထားပါတယ်။ ဒါကြောင့် ဦးအောင်သိန်းကပြည်သူ့လွှတ်တော်ရဲ့ အဆိုပြုချက်အတိုင်းထားရှိရန်ဆိုခြင်းမှာ ဘာ့ကြောင့်ဖြစ်တယ်ဆိုတာ ရှင်းလင်းတင်ပြပါ။

**ဦးအောင်သိန်း(ရွှာငံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီလျှို့ဝှက်ဆန္ဒမဲပေးစနစ်ကို အသုံးပြုသင့်တယ်ဆိုတဲ့ကိစ္စနဲ့ ပတ်သက်လို့ ကာယကံရှင်တွေရဲ့ ရင်ထဲမှာရှိတဲ့အတိုင်း ရဲရဲဝံ့ဝံ့ထုတ်ဖော်တင်ပြနိုင်ဖို့ကတစ်ကြောင်း၊ နောက်တစ်ခုက တစ်ဦးနှင့်တစ်ဦးမလိုမုန်းတီးမှုများ၊ အာဃာတစိတ်များ မပေါ်ပေါက်စေနိုင်ရန်ရည်ရွယ်ပြီး လျှို့ဝှက်ဆန္ဒမဲပေးစနစ်သည်သာလျှင် သဘာဝအကျဆုံး၊ အကောင်းဆုံးဖြစ်မယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆပါတယ်။ နောက်တစ်ခုကလည်း နိုင်ငံတော်မှာ ဒီရွေးကောက်ပွဲတွေလုပ်တဲ့အခါမှာလည်း လျှို့ဝှက်ဆန္ဒမဲပေးစနစ်ကို ပြဋ္ဌာန်းထားပြီးသားဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့လျှို့ဝှက်ဆန္ဒမဲပေးစနစ်ကို မူလပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့အတိုင်း ပြန်လည်ပြင်ဆင်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သိန်း၊ ရွှာငံမဲဆန္ဒနယ်ရဲ့ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းထားရှိရန်ဆိုသည်ကို ကန့်ကွက်မယ့်သူရှိက မတ်တတ်ရပ်ပေးပါ။ ကြားနေမယ့်သူရှိက မတ်တတ်ရပ်ပေးပါ။ ကန့်ကွက်သူ၊ ကြားနေသူမရှိတဲ့အတွက် ဦးအောင်သိန်း၊ ရွှာငံမဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၉၊အမှတ်စဉ် ၁၇၊အခန်း(၄)၊ ၇(ဆ) ဝန်ကြီးဌာနရဲ့အဆိုပြုချက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်မရှိပါဘူး။ သို့အတွက်ကြောင့် ဝန်ကြီးဌာနရဲ့ အဆိုပြုချက်က ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ဖြစ်တဲ့ သဘောဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်က ပုဒ်မခွဲ(စ)အရ ရွေးချယ်ရရှိသောပုဂ္ဂိုလ်များ၏ ရလဒ်နှင့်အညီ ဦးစားပေးအစီအစဉ်ကို ပြုစုပြီး ရလဒ်အများဆုံးရရှိသူ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်တို့ကို မြို့နယ် အုပ်ချုပ်ရေးမှူးထံတင်ပြရမည်။ ဝန်ကြီးဌာနရဲ့အဆိုပြုချက် ပြန်ဖတ်ကြည့်နိုင်းယှဉ်ပါ။ ပုဒ်မခွဲ(စ) အရ ရွေးချယ်ရရှိသော ဦးစားပေးအစီအစဉ်ကိုပြုစုပြီး လျှို့ဝှက်ဆန္ဒမဲအများဆုံးရရှိသော ပုဂ္ဂိုလ်၏ အမည် စာရင်းနှင့် ကိုယ်ရေးအချက်အလက်တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်။ ကဲဒါကြောင့် အားလုံးလည်း ဖတ်ပြီးပြီထင်ပါတယ်။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ကို ထောက်ခံမယ့်သူရှိက မတ်တတ်ရပ်ပေးကြပါ။ ထောက်ခံသူ ၃ ဦး၊ ကြားနေမယ့်သူရှိက မတ်တတ်ရပ် ပေးပါ။ ကဲဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်ကို ထောက်ခံသူ၊ ကန့်ကွက်သူအရေအတွက် နည်းတဲ့အတွက် ဝန်ကြီးဌာနရဲ့ အဆိုပြုချက်ကို ထားရှိရမယ်ဆိုတဲ့သဘော ဖြစ်ပါတယ်။ အဲဒါသည်ပင်လျှင် ပြည်သူ့လွှတ်တော်ရဲ့ မူလအတည်ပြုချက် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနရဲ့ အဆိုပြုချက်၊ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာပိုဒ် ၁၈၊ အခန်း(၄)၊ ပုဒ်မ ၉၊ ဝန်ကြီးဌာနအဆိုပြုချက် ရှိပါတယ်။ ဒါကို ပြည်သူ့လွှတ်တော်က အတည်ပြုချက်ပေးထားပါတယ်။ အမျိုးသားလွှတ်တော်ကလည်း ထပ်ပြီးတော့ ပြင်ဆင်ချက်ပေးပါတယ်။ အဲဒီမှာ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အပေါ် ပြည်သူ့လွှတ်တော် အတည်ပြုချက်အတိုင်း ထားရှိဖို့ ဦးသိန်းရီ၊ ထန်းတပင်မဲဆန္ဒနယ်က တင်ပြထားပါတယ်။ ဦးသိန်းရီ အကျိုးအကြောင်း ဖော်ပြရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းရီ(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူ့လွှတ်တော်၏အတည်ပြုချက်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ ယင်း၏သက်တမ်းသည် သုံးကြိမ်ထက်မပိုရ။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်မှာ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပပြီး ရက်ပေါင်း ၉၀ အတွင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကို ခန့်အပ် တာဝန်ပေးရမည်။ ယင်း၏သက်တမ်းသည် ပထမသက်တမ်းမှတစ်ပါး စတင်ခန့်အပ်သည့်နေ့မှ စ၍ ၅ နှစ်အထိဖြစ်သည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် တာဝန် ထမ်းဆောင်ခြင်းသည် သက်တမ်း ၂ ကြိမ်ထက်မပိုရ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော်

ဆိုင်ရာနည်း ဥပဒေပုဒ်မ အခန်း(၂)၊ ပုဒ်မ ၄ မှာ ပြည်ထောင်စုလွှတ်တော်ရဲ့ သက်တမ်းဟာ ပြည်သူ့လွှတ်တော်ရဲ့ သက်တမ်းဖြစ်သည်လို့ ဖော်ပြထားပါတယ်။ တစ်ဆက်တည်းမှာပဲ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၅၁ မှာဆိုရင် အမျိုးသားလွှတ်တော်ရဲ့သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းဖြစ်သည်ဟု ဖော်ပြထားပါတယ်။ တဆက်တည်းမှာပဲ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၈ တွင် တိုင်း၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏သက်တမ်း ဖြစ်သည်လို့ ဖော်ပြထားပါတယ်။ သို့ပါသောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေအရလည်းကောင်း၊ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်များဟာ ကိုက်ညီနေပါတဲ့အတွက်ကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် အတိုင်း ထားရှိသင့်ပါကြောင်း တင်သွင်းအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ဦးသိန်းရီရဲ့ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် အဆိုကို ကန့်ကွက်သူရှိကမတ်တတ်ရပ်ပေးပါ။ ကြားနေသူရှိကမတ်တတ်ရပ်ပေးပါ။ ကြားနေသူ၊ ကန့်ကွက်သူမရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းထားရှိရန် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ(၁၀) အခန်း(၅)၊ ပုဒ်မ၁၁၊ ဝန်ကြီးဌာနအဆိုပြုချက်၊ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် သီးခြားမရှိတဲ့အတွက် ပြည်သူ့လွှတ်တော်အနေနဲ့ ဝန်ကြီးဌာနရဲ့အဆိုကို အတည် ဖြစ်တယ်လို့ ပြဋ္ဌာန်းတဲ့သဘောသက်ရောက်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်လုပ်ငန်း တာဝန်များကို ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာနရဲ့အဆိုပြုချက်က လုပ်ငန်း တာဝန်များကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက် များနှင့်အညီ ဆောင်ရွက်ခြင်း၊ အမျိုးသားလွှတ်တော်က လုပ်ငန်းတာဝန်များကို ဤဥပဒေနှင့် ဤဥပဒေ အရ ထုတ်ပြန်သောနည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း။ ဒါ့ကြောင့်မို့လို့ အမျိုးသားလွှတ်တော်ပြင်ဆင်ချက်ကို ထောက်ခံသူများရှိပါက မတ်တတ်ရပ်ပေးပါ။ ထိုင်နိုင်ပါပြီ။ ကြားနေသူများရှိပါက မတ်တတ်ရပ်ပေးပါ။ ဒါ့ကြောင့် ထောက်ခံသူနှစ်ဦးရှိပြီးတော့ ကြားနေသူမရှိတဲ့အတွက် ဝန်ကြီးဌာန၏အဆိုပြုချက်၊ တနည်းအားဖြင့် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ်(၂၀) အခန်း(၅)၊ ပုဒ်မ ၁၁(ဂ) ဤဥပဒေနှင့်အညီ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်း၊ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်မရှိပါဘူး။ ဒါ့ကြောင့်ဝန်ကြီးဌာနရဲ့ အဆိုပြုချက်အတိုင်းဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် ဤဥပဒေနှင့်သက်ဆိုင်သည့် ဥပဒေများနှင့်အညီ ပေးအပ်သည့်လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခြင်း၊ ဒါနဲ့ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အဆိုအား ထောက်ခံမယ့်သူများရှိက မတ်တတ်ရပ်ပေးပါ။ အမျိုးသားလွှတ်တော်ရဲ့အဆိုက ဤဥပဒေနှင့် သက်ဆိုင်သည့်ဟာကို ဆိုလိုပါတယ်။ ကြားနေမယ့်သူများရှိပါက မတ်တတ်ရပ်ပေးပါ။ မရှိတဲ့အတွက် မူလဝန်ကြီးဌာန၏အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ၂၁ အခန်း(၆)၊ ၁၂(ဃ)ဝန်ကြီးဌာန၏အဆိုပြုချက် ရပ်ရွာဒေသ ဓလေ့ထုံးတမ်း အစဉ်အလာနှင့် လူမျိုးနွယ်စုများ၏ဓလေ့ထုံးတမ်းများကို အလေးထားခြင်း၊ အမျိုးသားလွှတ်တော်က ရပ်ရွာ ဒေသဓလေ့ထုံးတမ်းစဉ်လာနှင့်ဒေသတွင်းရှိ မျိုးနွယ်စုများ၏ဓလေ့ထုံးတမ်းများကို အလေးထားခြင်း ဒါ့ကြောင့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို ထောက်ခံမယ့်သူများရှိက မတ်တတ်ရပ်ပေးပါ။ ကြားနေမယ့်သူများ မတ်တတ်ရပ်ပေးပါ။ အမျိုးသားလွှတ်တော်ဘက်က ထောက်ခံတာ ဘယ်လောက် လဲ။ ၁၃၂ မဲ၊ ဒါကြောင့်မို့လို့ ဝန်ကြီးဌာန၏အဆိုပြုချက်၊ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ၂၁ အခန်း(၆)၊ပုဒ်မ ၁၂(ဃ) ရပ်ရွာဒေသဓလေ့ထုံးတမ်းစဉ်လာနှင့် လူမျိုးနွယ်စုများ၏ ဓလေ့ထုံးတမ်းများကို အလေးထားခြင်းဆိုပြီးတော့ ဝန်ကြီးဌာနရဲ့ အဆိုပြုချက်ကို ပြည်သူ့လွှတ်တော်က သီးခြားအဆိုပြုစရာမလိုဘဲနဲ့ သဘောတူခဲ့တယ်လို့သဘောရပါတယ်။ အမျိုးသားလွှတ်တော်ကျတဲ့ အခါမှာ ရပ်ရွာဒေသဓလေ့ထုံးတမ်းစဉ်လာနှင့် ဒေသအတွင်းရှိမျိုးနွယ်စုများ၏ ဓလေ့ထုံးတမ်း များကို အလေးထားခြင်း၊ ဒါလည်းအားလုံးဖတ်ပြီး၊ သဘောပေါက်ပြီးဖြစ်မှာပါ။ ဒါ့ကြောင့် အမျိုးသားလွှတ်တော် ရဲ့ ပြင်ဆင်ချက်ကို သဘောတူတဲ့သူများ မတ်တတ်ရပ်ပေးပါ။ ကိုဌေးဦးပြောပါ။ ဘာပြောလိုက် လို့လည်းထပြောလိုက်ပါ။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ ခုနက အဲဒီအပိုဒ်ကိုပဲ အတည်ပြုပြီးဖြစ်ပါတယ်။ ကျွန်တော် ပထမတုန်းကတော့ မူလပြဋ္ဌာန်းချက်မှာ လူမျိုးနွယ်စု ဟိုဘက်ကတော့ မျိုးနွယ်စုဖြစ်တဲ့ အတွက် ပြည်ထောင်စုလွှတ်တော်မှာပဲ ကျွန်တော် တင်ပြမှာဖြစ်ပါတယ်။ တကယ်ကတော့ တိုင်းရင်းသားမျိုးနွယ်စုလို့ပြောလို့ရှိရင်တော့ပိုပြီးအဆင်ပြေပါတယ်။ လူဖြုတ်ပြီးတော့မှ တိုင်းရင်းသား မျိုးနွယ်စုလို့ပြောရင် အဆင်ပြေပါတယ်။ လူမျိုးနွယ်စုဆိုတဲ့ဥစ္စာကတော့ တကယ်တမ်းပြောရရင်

အသုံးအနှုန်းမှာ တော်တော်ရှားပါးတဲ့အသုံးအနှုန်းဖြစ်တယ်လို့ ကျွန်တော်မြင်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့က နှစ်ဖက်စလုံးကိုပဲ ဘယ်ဥစ္စာပဲအတည်ပြုပြု ပြည်ထောင်စုမှာတော့ တိုင်းရင်းသား မျိုးနွယ်စုဆိုပြီးတော့မှ ကျွန်တော်တို့ ပြန်ပြင်ဖို့စဉ်းစားထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီလိုဆိုရင် အဲဒီလူမျိုးနွယ်စုဆိုတာလည်း မူလဒီဟာ အတည်ဖြစ်ပြီးသား၊ အခုတစ်ခါ ဟိုဘက်ကလည်း ဒီလိုဖြစ်တဲ့အတွက် ဒီဟာတော့ ပြည်ထောင်စုကျမှပဲ ပြန်ပြီးတော့ ပြင်ရမယ့်သဘော ရှိပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။အခုလောလောဆယ်ကတော့ ကျွန်တော်တို့ ဒီက လူမျိုးနွယ်စုလို့ မူလပြင်ထားတဲ့ဥစ္စာကို အမျိုးသားလွှတ်တော်က မျိုးနွယ်စုလို့ ပြင်ထားပါတယ်။ လူဖြုတ်ပြီးတော့မှ မျိုးနွယ်စုလို့ ပြင်ထားပါတယ်။ အမျိုးသားလွှတ်တော်က မျိုးနွယ်စုဆိုပြီးတော့မှ ပြင်ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ လက်ရှိမိမိတို့ဝန်ကြီးဌာနက အဆိုပြုချက်ကို အတည်ဖြစ်တယ်။ သို့ရာတွင် ပြင်တော့ပြင်ချင်တယ်။ ဒီမှာလည်းပြင်လို့မရဘူး။ ပြည်ထောင်စုမှာပြင်မယ်။ ကဲ ဒါကြောင့်မို့လို့ ပြည်ထောင်စုမှာ ဒါပြင်ဖို့အတွက် မှတ်သားထားပေ့ါ။ အမှတ်စဉ် ၂၂၊ အခန်း (၆)၊ အသစ်ထည့်ခြင်း၊ မူလပြဌာန်းချက်မရှိပါဘူး။ အမျိုးသားလွှတ်တော်က ပြင်ဆင်ထားတာရှိပါတယ်။ ၁၂(ဇ) မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့၏လမ်းညွှန်မှုကို လေးစားလိုက်နာခြင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် အောက်ပါလုပ်ငန်းတာဝန်များကို ဤဥပဒေ နှင့်သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။ ဒါ့ကြောင့် ဖတ်ပြီးပြီထင်ပါတယ်။ အပေါ်တစ်ပိုဒ်ပဲဖြစ်ပါမယ်။ စာမျက်နှာ ၁၀ ပါ။ ၁၂ ကရောနေလို့ပါ။ ဟုတ်ကဲ့။ ၁၂(ဇ)ပါ။ ကျွန်တော် ပြန်တင်ပြပါမယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်က စာမျက်နှာ ၁၀ မှာဘဲရှိပါတယ်။ ၁၂(ဇ) မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့၏ လမ်းညွှန်မှုကို လေးစားလိုက်နာခြင်း၊ အမျိုးသားလွှတ်တော်ပြင်ဆင်ချက်ကို ထောက်ခံမယ့်သူများ မတ်တတ်ရပ် ပေးပါ။ ကန့်ကွက်မယ့်သူများရှိက မတ်တတ်ရပ်ပေးပါ။ ကျွန်တော်လိုသွားတယ်။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ပြင်ဆင်ချက်ကို အားလုံးကန့်ကွက်တဲ့အတွက် မူလပြဌာန်းချက်အတိုင်း အတည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို နာရီဝက်ခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အစည်းအဝေးကို ၁၁း၂၀ နာရီတွင်ပြန်လည်စတင်ပါမယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို နာရီဝက်ခန့်ရပ်နားပါသည်။]

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အစည်းအဝေးပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ မနက်က ဂျာမန်နိုင်ငံက နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်တဲ့အဖွဲ့ ကျွန်တော်တို့လွှတ်တော်လာပြီးတော့တွေ့ပါတယ်။ ပြီးတဲ့အခါမှာ လာရောက်လေ့လာသွားပါတယ်။ သူမလာခင်ပြင်ဆင်ရတာရယ်။ နောက်တစ်ဆက်တည်းဆောင်ရွက်ပြီးတော့ ဒီလွှတ်တော်အစည်းအဝေး ခန်းထဲဝင်လာတော့ စာလည်းဖတ်ရင်းဖတ်ရင်းနဲ့ မျက်စိတွေဝါးလာပါတယ်။ ချွေးကလည်းထွက်လာ တယ်။ ပြောတော့ပြောလိုက်ပါတယ်။ ခုန လွှတ်တော်ဥက္ကဋ္ဌရဲ့ ဒုက္ခ၊ ဒါပေမယ့် ဒီဥက္ကဋ္ဌကြီးကို ကျွန်တော် ဝမ်းမြောက်ဝမ်းသာနဲ့ ထမ်းဆောင်ရမှာပါ။ အဲ့လိုပဲ အချို့ကို ကျွန်တော် ကျော်ပြီးတော့ ကျော်ပြီးတော့ ဆိုတာ ရှေ့တစ်ပတ်ကိုကျော်ပြီးတော့ စဉ်းစားပြီးပြောတဲ့ဟာရှိပါတယ်။ အဲ့ဒါ ဘာလဲဆိုတော့ အုပ်ချုပ်ရေးမှူးများ ရွေးချယ်ခန့်အပ်ဖို့ကိစ္စရယ်၊ ကြီးကြပ်ဖို့ကိစ္စရယ်၊ ခုန ကျွန်တော် ပြောသွားတာ အုပ်ချုပ်ရေးမှူးများ ကြီးကြပ်ဖို့အဖွဲ့အတွက်ကိစ္စကို အုပ်ချုပ်ရေးမှူးများ ဝင်ရောက် အရွေးခံတဲ့ကိစ္စနဲ့ ကြိုပြီးပြောလိုက်တဲ့ သဘောဖြစ်တယ်ဆိုပြီး အကြံပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ တကယ်တမ်းကျတော့ အရင်အတွေးအခေါ်များ ရှိခဲ့တာတွေရှိပါတယ်။ အဲ့ဒါ နိုင်ငံရေးလုပ်ရင် နိုင်ငံရေးပါတီဝင်လုပ်ရင်မကောင်းတဲ့ SENSE နဲ့ ဒီလိုတွေခဲ့တာလည်းရှိပါတယ်။ နိုင်ငံရေးလုပ်တယ် ဆိုပေမယ့် သူကမကောင်းတဲ့လုပ်ငန်းတစ်ခုကို လုပ်ပြီးတော့ နိုင်ငံရေးနဲ့ကင်းရှင်းမှပဲ အလုပ်အကိုင် အပါအဝင် ကျန်တဲ့ကိစ္စများ ဆောင်ရွက်ခဲ့ရတဲ့ခေတ်က သူ့ခေတ်နဲ့သူမှားတယ်လို့မပြောပါဘူး။ မှန်တယ်လို့ပဲ ကျွန်တော်ပြောရမယ်။ ဒီနေ့ကျတဲ့အခါကျတော့ နိုင်ငံရေးဟာ လူတိုင်းလုပ်ခွင့်ရှိပါတယ်။ ပါတီလည်း သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းနဲ့ဆို ထောင်ခွင့်ရှိပါတယ်။ နိုင်ငံရေးလုပ်ငန်းလို့ နိုင်ငံရေးပါတီထောင်လို့ အရင်လိုပဲနိုင်ငံရေးပါတီနဲ့ ကင်းရှင်းရမယ်ဆိုရင် မိမိ၊ မိမိရဲ့သားသမီးများ အလုပ်အကိုင်လုပ်ကိုင်တဲ့နေရာမှာ အခြားကိစ္စမှာ များစွာအခက်အခဲရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့တစ်တွေဟာ ခေတ်စနစ်နဲ့လျော်ညီတဲ့ အတွေးအခေါ်၊ လုပ်ဆောင်မှုတွေရှိဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ခုနက မှန်ကန်တဲ့ပေါ့လေ။ လူတိုင်းလူတိုင်းအတွက်မျှတတဲ့ အခွင့်အရေးများ ရရှိစေရေး ဟာလည်း အဓိကပါပဲ။ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာလည်း ဒီအတိုင်းပါပဲ ဒီလိုအခွင့်အရေး ပေးလိုက်တဲ့

အခါမှာ တစ်ပါတီထဲကိုမဟုတ်ပါဘူး။ လူပေါင်းစုံ၊ ပါတီပေါင်းစုံပေးတဲ့ အခွင့်အရေး၊ ဒီအခွင့်အရေးကိုပဲ ရအောင်ယူပြီးတဲ့အခါမှာ ကိုယ်ပဲဖြစ်ဖြစ်၊ ကိုယ့်ပါတီပဲဖြစ်ဖြစ်၊ ကိုယ့်နိုင်ငံနှင့် ကိုယ့်လူမျိုးအတွက် ဘယ်သူကအလုပ်ပေးနိုင်ဆုံးလဲ၊ အလုပ်ပေးနိုင်ဆုံးပါတီကို လူထုကလက်ခံမှာပဲ၊ လူထု လက်ခံတဲ့လူပဲ လူထုလက်ခံတဲ့ပါတီပဲ နောက်ဆုံးနိုင်ငံကိုအုပ်ချုပ်ခွင့်ရပါတယ်။ ဒါပါပဲ။ ဘယ်ပါတီပဲ ဖြစ်ဖြစ်၊ ဘာလူမျိုးပဲဖြစ်ဖြစ် အဲ့လိုသဘောထား၊ အဲ့လိုခံယူချက် စာအုပ်ထဲမှာပဲထားပြီးတော့ လက်တွေ့ မကျင့်သုံးဘူးဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံတကယ်လိုလားတဲ့ စည်းလုံးညီညွတ်မှုဆိုတာ ဘယ်တော့မှ မရနိုင်ဘူး။ ဒါကြောင့်မို့လို့ မှန်ကန်တဲ့အခွင့်အရေးပေးဖို့လိုပါတယ်။ မျှတဖို့လိုပါတယ်။ ဒါကြောင့် ကျွန်တော်ဒီမှာ ခဏခဏပြောတာရှိပါတယ်။ ပါတီစွဲ၊ ဘာသာစွဲ၊ ဒေသစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်တဲ့ ဘာသာစွဲမထားဘဲနဲ့ မိမိတို့တစ်တွေဟာ နိုင်ငံနဲ့လူမျိုးအတွက်ပဲ အဓိကထားစဥ်းစားရမယ်ဆိုတာ စိတ်ထဲအသည်းထဲတင်မကဘူး။ ကျွန်တော်တကယ်ကြေညာပြီး ဒီတိုင်းပဲလုပ်နေတယ်။ အဲ့လို ဆောင်ရွက်တဲ့နေရာမှာလည်း ကျွန်တော်လုပ်ချင်တိုင်းလုပ်လို့မရဘူး။ ဥပဒေနဲ့အညီပဲလုပ်လို့ရတယ်။ တစ်နေရာမှာ နိုင်ရင်နိုင်မယ်။ ဒါပေမယ့်လို့ နိုင်ခြင်းဟာ တရားသဖြင့်နိုင်ခြင်းပဲဖြစ်ရမယ်။ မတရားတဲ့ နိုင်နည်းနဲ့မလိုပါဘူး။ မလိုအပ်ပါဘူး။ ဒါကတော့ ကျွန်တော်တို့ရှိခဲ့တဲ့ အနေအထားနဲ့ အဲ့ဒီဟာကို ဒီနေ့ဆက်ပြီး ကျွန်တော်သယ်လာမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ရှေ့သွားမယ့်ခရီးမှာ များစွာအခက်အခဲ ရှိပြီးတော့ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးအတွက် အများကြီးအခက်အခဲရှိလာနိုင်တယ်ဆိုတာကို အားလုံးသိရှိပြီးဖြစ်တဲ့အတွက် တကယ်ချမှတ်ထားတဲ့မူဝါဒအတိုင်း စာရွက်ထဲမှာပဲမဟုတ်ဘဲနဲ့ လက်တွေ့လုပ်နိုင်ဖို့အရေးကြီးပါတယ်။ ဒါကျွန်တော်နိုင်ငံသားတစ်ယောက်အနေနဲ့ကော သက်ဆိုင်ရာ တာဝန်ထမ်းဆောင်နေသူအနေနဲ့ရော အားလုံးကို အသိပေးတင်ပြထားခြင်းဖြစ်ပါတယ်။ စာမျက်နှာ ၁၁၊ အမှတ်စဥ် ၂၃၊ အခန်း ၇၊ ပုဒ်မ ၁၃ ဝန်ကြီးဌာန အဆိုပြုချက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်သီးခြားမရှိပါဘူး။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနရဲ့အဆိုပြုချက်အတိုင်းပဲ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ရှိပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးသည် အောက်ပါလုပ်ငန်းတာဝန်များကို ဤဥပဒေနှင့်အညီ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။ ဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်ကို ထောက်ခံမယ့်သူများ မတ်တတ်ရပ်ပေးပါ။ ကြားနေမယ့်လူများ မတ်တတ်ရပ်ပေးပါ။ ဒါကြောင့် အားလုံးက ကန့်ကွက်တဲ့သဘောဖြစ်တဲ့အတွက် ဝန်ကြီးဌာနရဲ့ အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၄၊ အခန်း (၇)၊ ပုဒ်မ ၁၃(ဃ) ဝန်ကြီးဌာနအဆိုပြုချက်ရှိပါတယ်။ ပြည်သူ့လွှတ်တော် အတည်ပြုချက် သီးခြားမရှိပါဘူး။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနကို လက်ခံထား ပါတယ်။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ရှိပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီခြင်း၊ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အပေါ် ပြင်ဆင်ရန်တင်ပြချက်ကို ဝန်ကြီးဌာနရဲ့အဆိုပြုချက် အတိုင်း ထားရှိရန်ဖြစ်သည်။ ဦးအောင်သိန်းက တင်ပြထားပါတယ်။ ဦးအောင်သိန်း ရှင်းလင်းတင်ပြ ပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်သိန်း(ရွှာငံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာဆိုတဲ့နေရာမှာ ကျွန်တော်က အမျိုးသားလွှတ်တော်မှာက ဆင်းရဲမှု လျှော့ချရေး၊ ဆင်းရဲမှုလျှော့ချရေးပဲပါပါတယ်။ ဒါ ကျွန်တော်က မူလဝန်ကြီးဌာန ပြဋ္ဌာန်းချက်အတိုင်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုတဲ့အစီအစဉ်ကို ပြင်ဖို့အတွက် ကျွန်တော် အဆိုတင်ပါတယ်။ အဲဒါ ဘာဖြစ်လို့ တင်တုန်းဆိုရင် နိုင်ငံတော်က ဆောင်ရွက်နေတဲ့ စီမံကိန်းနာမည်နဲ့ ထပ်တူထပ်မျှ ဖြစ်အောင် ဥပဒေကြမ်းမှာ မူလပြဋ္ဌာန်းချက်မှာလည်း အဲ့ဒီလို ဖော်ပြထားတဲ့အတွက် ကျွန်တော့်အနေနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုတာကို ပြင်ဆင်ချက်တင်သွင်းရခြင်းဖြစ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သိန်းရဲ့ ပြင်ဆင်ရန်တင်ပြမှုကို ကန့်ကွက်သူများရှိပါက မတ်တတ်ရပ်ပေးပါ။ ထိုင်နိုင်ပါပြီခင်ဗျာ။ ကြားနေမယ့်သူများရှိရင် မတ်တတ်ရပ်ပေးပါ။ ဒါကြောင့် ဦးအောင်သိန်းရဲ့ အဆိုဖြစ်သော ဝန်ကြီးဌာန၏အဆိုပြုချက်အတိုင်းထားရှိရန် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)။

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၅၊ အခန်း (၇)၊ ပုဒ်မ ၁၃(စ) ဝန်ကြီးဌာနရဲ့အဆိုပြုချက်ရှိပါတယ်။ ပြည်သူ့လွှတ်တော် အတည်ပြုချက်ထပ်မံမရှိပါဘူး။ ဝန်ကြီးဌာနကိုပဲ အတည်ပြုထားပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ရှိပါတယ်။ ပထမစာမျက်နှာ ၁၁ နဲ့ ၁၂ ဖြစ်ပါတယ်။ ပြည်ထောင်စု အစိုးရ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၊ နေပြည်တော်ကောင်စီနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့ကဖြစ်စေ၊ ယင်းတို့၏ တာဝန် ပေးချက်အရ အစိုးရဌာန အဖွဲ့အစည်းကဖြစ်စေ၊ ဦးစီးကျင်းပသည့် အခမ်းအနားများနှင့် ပွဲများမှအပ အခမ်းအနားများ၊ အများပြည်သူများအား ဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရပွဲ များ ကျင်းပခွင့်အမိန့်တောင်းခံခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ သဘောထား

မှတ်ချက်တင်ပြခြင်း၊ ကျင်းပခွင့်မရှိဘဲဖြစ်စေ၊ သတ်မှတ်ထားသောစည်းကမ်းချက်မလိုက်နာဘဲဖြစ်စေ၊ ပွဲများ/အခမ်းအနား များကျင်းပခြင်းကိုတားမြစ်ခြင်း၊ ယင်းသို့တားမြစ်ခြင်းကို မလိုက်နာနိုင်ပါက အရေးယူနိုင်ရန် သက်ဆိုင်ရာသို့တင်ပြခြင်း၊ သီးခြားအဆိုပြုတင်ပြထားတာမရှိပါဘူး။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်ကို ထောက်ခံမယ့်သူများရှိရင် မတ်တတ်ရပ်ပေးပါ။ ရပါပြီ။ ထိုင်နိုင်ပါပြီ။ ဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ၂၆(က)ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် သီးခြားမရှိပါဘူး။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ရှိပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအတွင်းနေထိုင်သူ သို့မဟုတ် မသင်္ကာဖွယ်ရာလူစိမ်းများတွေ့ရှိပါက သက်ဆိုင်ရာသို့သတင်းပို့ခြင်းနှင့် ထူးခြားဖြစ်စဉ်များကို အချိန်နှင့်တစ်ပြေးညီ အစီရင်ခံခြင်း ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို ထောက်ခံတဲ့လူများရှိရင် မတ်တတ်ရပ်ပေးပါ။ ထိုင်နိုင်ပါပြီခင်ဗျာ။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ ဒီလိုဆိုရင် လုပ်ထုံးလုပ်နည်းက ပြည်ထောင်စုလွှတ်တော်ကိုတင်တဲ့ အခါဝန်ကြီးဌာနရဲ့အဆိုပြုချက် ထပ်တင်စရာမလိုတော့ဘဲနဲ့ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်တစ်ခုပဲ တင်လိုက်တဲ့အတွက် ဒါအတည်ဖြစ်သွားပြီဆိုတဲ့သဘော ဖြစ်ပါတယ်။ စာမျက်နှာ ၁၃၊ အပိုဒ် ၂၇ မှာ ဝန်ကြီးဌာနအဆိုပြုချက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်မရှိပါဘူး။ သီးခြားမရှိပါဘူး။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ရှိပါတယ်။ ဘိလိယက်ခုံနှင့် ဘိလိယက်ခုံကဲ့သို့သော အများပြည်သူနှင့်သက်ဆိုင်သည့် ဖျော်ဖြေမှု၊ အပန်းဖြေအနားယူမှုလုပ်ငန်းများ တည်ထောင်ခွင့်တောင်းခံလာပါက သဘောထားမှတ်ချက် သက်ဆိုင်ရာသို့တင်ပြခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဖွင့်လှစ်ခြင်းကိုတားမြစ်ခြင်း၊ ယင်းသို့တားမြစ်ချက်နှင့် စည်းကမ်းချက်များကို မလိုက်နာလျှင် အရေးယူနိုင်ရန် အကြောင်းကြားခြင်း၊ ဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို ကန့်ကွက်မယ့်သူရှိရင်မတ်တတ်ရပ်ပါ။ ကြားနေမယ့်သူရှိရင်မတ်တတ်ရပ်ပါ။ ကန့်ကွက်သူ၊ ကြားနေသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၂၈ ပါခင်ဗျား။ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်ရှိခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ကလည်းပြင်ဆင်ချက်ပေးထားပါတယ်။ ဒါနဲ့ပတ်သက်လို့ ပြည်သူ့လွှတ်တော်က ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်းထားရှိရန် ဥပဒေကြမ်း ကော်မတီက တင်ပြထားပါတယ်။ ဒီတင်ပြချက်ကို ရှင်းလင်းတင်ပြပေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ လောင်းကစားခြင်းဟာ ဖမ်းဆီးတဲ့နေရာမှာ အချိန်နှင့်တစ်ပြေးညီ အလျင်အမြန် ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးဟာ အများပြည်သူဆိုင်ရာ နေရာတစ်ခုတည်းကိုသာ ဖမ်းဆီးရမယ်ဆိုလို့ရှိရင် ၎င်းတို့အနေနဲ့ မလိုလားအပ်တဲ့သတင်းပေါက်ကြားမှုများ ဖြစ်နိုင်တဲ့အတွက် မည်သည့်နေရာတွင်မဆို ဆိုပြီးတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုနယ်နိမိတ်အတွင်း မည်သည့်နေရာတွင်မဆို လောင်းကစားခြင်းကို ဖမ်းဆီးခြင်း၊ အရေးယူရန် အကြောင်းကြားခြင်းဆိုပြီးတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီကနေပြီးတော့ ယခင်ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းထားရှိရန် အဆိုတင်သွင်းခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်၊ ပြည်သူ့လွှတ်တော်ရဲ့အတည် ပြုချက်ကို ကန့်ကွက်ရန်ရှိက မတ်တတ်ရပ်ပါ၊ ကြားနေရန်ရှိက မတ်တတ်ရပ်ပါ၊ ကန့်ကွက်သူ၊ ကြားနေသူမရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ၂၉ ပါ။ ဝန်ကြီးဌာနအဆိုပြုချက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ သီးခြားဆွေးနွေးထားတာမရှိပါဘူး။ အမျိုးသားလွှတ်တော်က ပြင်ဆင်အဆိုပြုထားတာရှိပါတယ်။ လမ်းများ၊ အများပြည်သူဆိုင်ရာနေရာများတွင် အများပြည်သူအား အနှောင့်အယှက်ဖြစ်စေရန်၊ အန္တရာယ်ဖြစ်စေရန်၊ ထိခိုက်နစ်နာဖြစ်စေရန် ပြုလုပ်မှုကိုလည်းကောင်း၊ ခိုက်ရန်ဖြစ်ပွားမှုကိုလည်းကောင်း၊ ခွင့်ပြုချက်မရှိသော လက်နက်/ ခဲယမ်းများကိုင်ဆောင်မှုကိုလည်းကောင်းတားမြစ်ခြင်း၊ ယင်းသို့ တားမြစ်ခြင်းကို မလိုက်နာပါက ဖမ်းဆီးခြင်း၊ ဖမ်းဆီးနိုင်ရန်အကြောင်းကြားခြင်းဖြစ်ပါတယ်။ ကဲဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အဆိုကိုထောက်ခံမယ့်သူများမတ်တတ်ရပ်ပေးပါ။ ၁၉၁ ထောက်ခံနော်။ ကြားနေတဲ့သူများ မတ်တတ်ရပ်ပေးပါ။ ပညာနည်းနည်းပါတယ်။ ဒါကြောင့်မို့လို့ ကျန်တာမေးစရာ မလိုတော့ပါဘူး။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၃၀ မှာ ဝန်ကြီးဌာနရဲ့အဆိုပြုချက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် သီးခြားမရှိပါဘူး။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ရှိပါတယ်။ မိမိရှေ့တွင် ဖြစ်ပွားသောပြစ်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူအား ကိုယ်တိုင်ဖမ်းဆီးခြင်း သို့မဟုတ် ဖမ်းဆီးစေခြင်း၊ ယင်းသို့ဖမ်းဆီးခံရသူကို အရေးယူနိုင်ရန် သက်ဆိုင်ရာသို့ အကြောင်းကြားခြင်း။ ကဲဒါကြောင့်

အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အဆိုကို ကန့်ကွက်မယ့်သူရှိက မတ်တတ်ရပ်ပေးကြပါ။ ၁၁ ယောက်၊ ကန့်ကွက်တဲ့သူ ထိုင်နိုင်ပါပြီ။ ရတယ်။ ရတယ်။ ပြော။

**ဒေါ်နန်းဝါနု(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ဥက္ကဋ္ဌကြီးရှင့်။ ဒီဥစ္စာ ဥပဒေအသုံးအနှုန်းအရ အရေးယူရန်နှင့် အရေးယူနိုင်ရန်မှာ ကျွန်မတို့အတွက် နည်းနည်းတော့အမြင်မတူတာဖြစ်နိုင်ပါတယ် ရှင်။ အရေးယူရန်ဆိုတာ ကျွန်မတို့ဥပဒေအသုံးအနှုန်းအရ ဖမ်းပြီးပြီဆိုရင် အရေးယူဖို့ ရဲကိုပို့ရတယ်။ အဲ့ဒီမှာ ရဲကအရေးယူမယ်ဆိုပြီးမှ တရားရုံးကိုပို့ရတယ်။ အရေးယူနိုင်ရန်ဆို ရဲကိုသွားပို့လိုက်တော့ ရဲကအရေးမယူချင်ဘူးဆိုလဲရတယ်။ ယူမယ်ဆိုလဲရတယ်။ အရေးမယူချင်ဘူးဆိုပြီး လွှတ်လိုက်လည်း သူ့အတွက်ပြဿနာမရှိဘူးရှင့်။ ဒီအဓိပ္ပာယ်ပေါက်နေလို့ပါရှင့်။

**ဥက္ကဋ္ဌ**။ ။ ကဲ အဓိပ္ပာယ်ကိုထပ်ရှင်းတဲ့အတွက် ပြန်ပြီးစဉ်းစားလို့ရပါတယ်။ ကျွန်တော်တို့ ဒီဘက်က ဝန်ကြီးဌာနရဲ့အဆိုပြုချက်ကို ပြည်သူ့လွှတ်တော်ကအတည်ပြုထားတယ်။ အမျိုးသား လွှတ်တော်က ပြင်ဆင်ချက်ပေးတယ်။ ပြင်ဆင်ချက်ပေးတယ်ဆိုတဲ့နေရာမှာ ဖမ်းဆီးနိုင်ရန်အကြောင်း ကြားခြင်းဆိုတာနဲ့ ဖမ်းဆီးရန်အကြောင်းကြားခြင်းဟာ အဓိပ္ပာယ်ကွဲတယ်ဆိုတဲ့ သဘောဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တစ်ကယ်ကျွန်တော်တို့က ဖမ်းဆီးဖို့လိုတာလား။ ဖမ်းဆီးနိုင်ဖို့အကြောင်းကြားဖို့လို တာလား။ ဒီနှစ်ခုပေါ် စဉ်းစားပြီးတဲ့အခါမှာ အတည်ပြုချက်ရယူလိုပါတယ်။ ဥပဒေစကားအရပြောပါ ပြောပါ။

**(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီမှာ ဖမ်းဆီးခံရသူကို အရေးယူရန် ဒါကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနက ပါရှိပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင် ချက်ကတော့ အရေးယူနိုင်ရန်ဆိုတာကို ဖော်ပြထားပါတယ်။ စောစောကကိုယ်စားလှယ်တစ်ဦး ပြောသလိုပဲ အပေါ်ရဲ့အပိုဒ်ကိုပြန်ကြည့်လို့ရှိရင် မိမိရှေ့တွင်ဖြစ်ပွားသော ပြစ်မှုနှင့်စပ်လျဉ်း၍ ပြစ်မှု ကျူးလွန်သူအားဆိုတာ ပြစ်မှုကျူးလွန်ပြီးဖြစ်ပါတယ်ခင်ဗျာ။ ပြစ်မှုကျူးလွန်ပြီးဖြစ်တဲ့အတွက် ဥပဒေ စကားရပ်အရ အရေးယူရန်ဆိုတဲ့အသုံးအနှုန်းဟာ ပိုပြီးတော့လျော်ကန်သင့်မြတ်ပါတယ်ခင်ဗျာ။ (ဩဘာသံများ)

**ကိုယ်စားလှယ်တစ်ဦး**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြလိုတာက ဥပဒေစကားရပ်အသုံး အနှုန်းမဟုတ်ပါဘူး။ ကျွန်တော်တို့က ဆွေးနွေးလို့လည်းပြီးပြီ။ ဆန္ဒတွေလည်းရယူပြီးသွားပြီ။ အတည် ဖြစ်ပြီးတဲ့ကိစ္စကိုထပ်ဆင့်ပြီးတော့ ဆွေးနွေးနေခြင်းဟာ လွှတ်တော်ရဲ့အချိန်ကိုမလိုအပ်ဘဲ ရှည်ကြာ စေပါတယ်ခင်ဗျား။ ဒီကိစ္စမျိုး နောင်ဖြစ်ရင်လည်း ဒီလောက်ပါပဲခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တင်ပြစရာများရှိပါသေးလား။

**ကိုယ်စားလှယ်တစ်ဦး**။ ။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီမှာက မူလပြဋ္ဌာန်းချက်မှာက မိမိရှေ့တွင်ဖြစ်ပွားသော ပြစ်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူအား ကိုယ်တိုင်ဖမ်းဆီးခြင်း သို့မဟုတ် ဖမ်းဆီးစေခြင်း။ ယင်းသို့ဖမ်းဆီးခြင်းခံရသူကိုအရေးယူရန် သက်ဆိုင်ရာသို့အကြောင်းကြားခြင်းဆိုတာက အရေးယူရန်ဆိုတာက Definate ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရမယ်ဆိုရင် အရေးယူတယ်ဆိုတာ Must Be လုပ်ကို လုပ်ရမယ်။ သူကပြစ်မှုကျူးလွန်ပြီးတဲ့အတွက် အရေးယူရမယ်။ အမျိုးသားလွှတ်တော်ကနေပြီးတော့မှ မိမိရှေ့တွင်ဖြစ်ပွားသော ပြစ်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူအား ကိုယ်တိုင်ဖမ်းဆီးခြင်း သို့မဟုတ် ဖမ်းဆီးစေခြင်း။ ယင်းသို့ ဖမ်းဆီးခံရသူကို အရေးယူနိုင်ရန်ဆိုတာကို May Be လုပ်ချင်လုပ်မယ်။ မလုပ်ချင်မလုပ်ဘူး။ ပြစ်မှုကိုကျူးလွန်တဲ့ပုဂ္ဂိုလ်ကို အရေးကိုယူရမယ်။ အင်္ဂလိပ်စကားလုံးနဲ့ပြောမယ်ဆိုလို့ရှိရင် Definate နဲ့ Indefinate အရေးယူနိုင်ရန်ဆိုတာ Indefinate၊ အရေးယူရန်ဆိုတာက Definate ပါ။ တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် Shall Be နဲ့ Must Be ပါ။ Shall Be သည် လုပ်ကိုလုပ်ရမယ်။ Will Be သည်လုပ်ချင်မှလုပ်မယ်။ အဲ့ဒီ အဓိပ္ပာယ်သက်ရောက်တဲ့အတွက် ဒီမှာ လက်ရှိပြဋ္ဌာန်းထားတဲ့ အရေးယူရန်ဆိုတာက သူကပြစ်မှုကျူးလွန်ပြီးတဲ့အတွက် အရေးယူကိုယူရမယ်။ သူတို့ ပြင်ဆင်ချက်သည် အရေးယူချင်မှယူမယ်ဆိုတဲ့ သဘောမျိုးသက်ရောက်တဲ့အတွက် အဓိပ္ပာယ် ဒီမှာအများကြီးကွဲလွဲပါတယ်။ Indefinate နဲ့ Definate၊ Will Be နဲ့ Shall Be အဲ့ဒါဖြစ်တဲ့အတွက် Shall Be သည် Definate ဖြစ်တယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သဘောပေါက်ပါပြီ။ အဲ့ဒီနေရာမှာ ရှေ့ကတစ်ယောက်တင်ပြတဲ့ ဒီအဓိပ္ပာယ်လေး အဓိပ္ပာယ်မပြောင်းဘူး။ ဒါကြောင့်မို့လို့ လွှတ်တော်အချိန်တွေ ကုန်ဆုံးတာပါဆိုတဲ့ဟာ စေတနာနဲ့တင်ပြတာ ဖြစ်သော်လည်း ဒီဥပဒေပြုတဲ့အဖွဲ့က ဖြစ်နိုင်သမျှ ဥပဒေနဲ့ညီတဲ့စကားဖြစ်နိုင်သမျှ အဓိပ္ပာယ်ကွဲလွဲစေတဲ့စကားတွေမပါဖို့လိုပါတယ်။ တစ်ချို့ကိစ္စတွေကျတော့ ဒါနဲ့ပတ်သက်လို့ ရှင်းပြမှပဲသိတဲ့သဘောရှိပါတယ်။ ဒါကြောင့်မို့လို့ ထပ်ပြီးတော့အခွင့်အရေးပေးပါ့မယ်။ ရှေ့နေ၊ ရှေ့ရပ်ဥပဒေသမားများက ဒီကိစ္စနဲ့ပတ်သက်လို့တော့ ရှေ့ကတင်ပြသွားတဲ့ ဥပဒေသမားများရဲ့ တင်ပြချက်ကိုလည်း အထောက်အကူပြုအောင် လွှတ်တော်ကိုလည်း ဒီဟာနဲ့ပတ်သက်လို့မှန်တယ်။ မမှန်တယ်ဆိုတာသိအောင်ထပ်ပြီးတော့ တင်ပြပေးဖို့။

**ကိုယ်စားလှယ်တစ်ဦး**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေစကားနဲ့ပြောကြမယ်ဆိုရင် ကျွန်တော်တို့ဥပဒေမှာ Will Be ဆိုတဲ့စကားမရှိပါဘူး။ အဲဒါလေးတစ်ချက်ပဲ ကျွန်တော်တင်ပြချင်တာ။ (ဩဘာသံများ)

**ကိုယ်စားလှယ်တစ်ဦး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေမှာ ပြဋ္ဌာန်းချက်မှာတော့ Shall နဲ့ May ဆိုတာ ရှိပါတယ်။ Shall ဆိုတာက မလုပ်မနေရလုပ်ကိုလုပ်ရမယ့်ဟာ၊ May ဆိုတဲ့ဟာတော့ အခုဒီမှာ ပြဋ္ဌန်းထားတဲ့ဟာ လုပ်ချင်လည်းလုပ်မယ် မလုပ်ချင်လည်းမလုပ်ဘူးဆိုတဲ့ သဘောမျိုးရှိပါတယ်။ ဥပဒေရဲ့သဘောပြဋ္ဌာန်းချက်ရဲ့သဘောအရဆိုလို့ရှိရင် ဥပဒေဟာတိကျရမယ်၊ ပြတ်သားရမယ်။ ဒီမှာ Shall နဲ့သွားတာ အကောင်းဆုံးပဲ ဖြစ်ပါတယ်။ ဆိုတော့ “ နိုင် ” ဆိုတာကတော့ May နဲ့တူပါတယ်။ ဥပဒေမှာ အဲဒါနှစ်မျိုးပဲရှိပါတယ်။ Shall နဲ့ May ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကလည်း အတည်ပြုထားပြီးသားဖြစ်ပါတယ်။ အဲ့ဒီ ဒီဥပဒေမှာတော့ မူလပြဋ္ဌာန်းချက်အတိုင်းပဲ Shall နဲ့ပဲသွားဖို့ သင့်တဲ့အကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကဲဒါကြောင့် ဒီနေရာမှာ ဒီစကားလုံးပေါ်မူတည်ပြီးတော့ ဆောင်ရွက်တဲ့ကိစ္စ ဖြစ်တယ်။ ပြီးတဲ့အခါမှာ စကားလုံးကို မူတည်စဥ်းစားလိုက်ပြီး နောက်ပိုင်းမှာတစ်ခါ အဓိပ္ပာယ်ကို ဥပဒေကြောင်းအရ ပြန်ကြည့်လိုက်တဲ့အခါမှာ အကြောင်းအရာပေါ်မူတည်ပြီးတော့ ဖမ်းဆီးရန်ဆိုတာပဲ ပိုပြီးတော့ ဥပဒေနဲ့လျော်ညီပြီးတော့ တိကျတဲ့သဘောဖြစ်တဲ့အတွက် ခုနကအတည်ပြုထားဆိုတဲ့ဟာကို ပြန်ပြီးတော့ ကျွန်တော်တို့မေးပါမယ်။ အဲ့ဒီလိုမေးလို့မှ ဖြစ်ပေါ်လာတဲ့ ရလဒ်ပေါ်မူတည်ဆောင်ရွက် ပါမယ်။ ဒီနေရာမှာလည်း ကျွန်တော်ထပ်ပြီးခုန ပဏာမတင်ပြထားတာက မဲများလို့အနိုင်ရတာသည် တရားသဖြင့်နဲ့နိုင်မှုပဲလိုချင်ပါတယ်။ မဲနဲ့တော့နိုင်တယ်။ မတရားဘူးဆိုတဲ့အတွက် မတရားတဲ့နိုင်ငံ၊ မဖြစ်ဖို့လည်း ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များအမြဲသတိပြုဖို့လိုပါတယ်။ ကဲဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်ကို ထောက်ခံမယ့်သူရှိရင်လည်းမတ်တတ်ရပ်ပါ။ ကြားနေမယ့်သူ ရှိရင် မတ်တတ်ရပ်ပါ။ ထောက်ခံသူ၊ ကြားနေသူမရှိတဲ့အတွက် မူလဝန်ကြီးဌာနအဆိုပြုချက်၊ ပြည်သူ့ လွှတ်တော်ရဲ့အတည်ပြုချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဥ် ၃၀ ။ ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ခုပြန်လည်တင်ပြပါရစေ။ အခုကျွန်တော်တို့ လက်ရှိပုဒ်မကို “နိုင်” ရန်မဟုတ်ဘဲနဲ့ အရေးယူရန်အတည်ပြုတယ်ဆိုရင်၊ ရှေ့ကထားခဲ့တဲ့ပုဒ်မမှာပဲ အရေးယူရန်နှင့် ဖမ်းဆီးနိုင်ရန်နှစ်မျိုးဖြစ်နေပါတယ်။ ၁၃ (ဏ) မှာ အဲ့ဒီမှာလည်းပဲ တားမြစ်သည်ကို လိုက်နာခြင်းမရှိက ဖမ်းဆီးခြင်းဆိုတာ၊ လိုက်နာတာကို မလိုက်နာတဲ့အတွက်ဆိုလျှင် သူကအပြစ်ရှိသူ လို့ပဲ ကျွန်တော်တို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ သူ့လိုဟာပဲ ရှေ့ကတင်ပြခဲ့တဲ့၊ လက်ခံခဲ့တဲ့။ “နိုင်ရန်”

ဆိုတဲ့စကားလုံးကိုလည်း ပြန်ပြီးစဉ်းစားဖို့ လိုမယ်ထင်ပါတယ်။ နောက်တစ်ခုဆက်လက်ပြီး တင်ပြချင်တာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအထွေထွေပြဋ္ဌာန်းချက်မှာ ရေးသားထားတာရှိပါတယ်။ မြန်မာစာသည် ရုံးသုံးစာဖြစ်ပါတယ်။ Shall တွေ Will တွေနဲ့ ငြင်းနေကြမယ်ဆိုရင် အင်္ဂလိပ်စာ အသုံးအနှုန်း သုံးမှာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ မြန်မာစာနဲ့ပဲ တိတိကျကျဆုံးဖြတ်ဖို့ပါ။ Shall တွေ Will တွေ ဒီနေရာမှာ စဉ်းစားနေဖို့မလိုဘူးလို့ ကျွန်တော် ထင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကဲဒါကြောင့် တစ်ကယ်လို့ တိတိကျကျဆောင်ရွက်ရမယ်ဆိုတဲ့ ဥပဒေအသုံးအနှုန်းများပါဖို့ဆိုရင် “နိုင်” ပါဖို့ မလိုပါဘူး။ ဖမ်းဆီးရန်၊ အလားတူပဲရှေ့မှာ ဘယ်ပုဒ်မတွေလဲမသိဘူး။ အဲ့ဒီလို ပုဒ်မတွေရှိလို့ရှိရင်လည်း ခုနက တိကျတဲ့အသုံးအနှုန်းပဲဖြစ်ပါမယ်။ ဒါကြောင့်မို့လို့ ခုနက ဒုတိယဥက္ကဋ္ဌပြောတာက စာမျက်နှာ၊ အပိုဒ်တွေ ဖော်ပြပါ။ စာပိုဒ် ၂၉၊ ၁၃(ဏ)၊ ဝန်ကြီးဌာနရဲ့ အဆိုစာပိုဒ်ပြောမယ်။ ၁၃ (ည)၊ ၁၃(ဏ)၊ ၁၃(စ)ဆိုတာ ပြီးတဲ့အခါမှာ ၁၃(ည)၊ ၁၃(ဏ) ပြီးတဲ့အခါမှာ ၁၃(ထ) ကျန်ပါသေးလား။ ကျန်လို့ရှိရင်လည်း ထပ်တင်ပြပါ။ ဒါကြောင့်မို့လို့ ခုနကတိကျတဲ့ ဝန်ကြီးဌာနရဲ့ အဆိုပြုချက်များ အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ၃၁ အခန်း(၇)၊ ပုဒ်မ ၁၃(န)၊ ဝန်ကြီးဌာနရဲ့ အဆိုပြုချက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရှိပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ရှိပါတယ်။ ဒါကို ပြည်သူ့ လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းထားရန် ဖြစ်ပါတယ်ဆိုပြီးတော့ ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။ ဥပဒေကြမ်းကော်မတီက ရှင်းလင်းဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဥပဒေကြမ်းကော်မတီ**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီအနေနဲ့ ဒီစာပိုဒ်မှာပိုမို၍ လေးနက်ကျစ်လစ်စေရန်အတွက် ယခင်ဝန်ကြီးဌာနရဲ့ အဆိုပြုချက်စာသားမှာ အရေးယူရန်အကြောင်းကြားခြင်းဆိုတဲ့။ အရေးယူရန်ဆိုတဲ့ လေးနက်တဲ့ စကားလုံးကို ထပ်မံဖြည့်ပြီးတော့၊ ဆောင်ရွက်ထားပြီတော့ ပြည်သူ့လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူထားခြင်းဖြစ်တဲ့အတွက် ဒီအဆိုကို တင်သွင်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို ကန့်ကွက်မယ့်သူရှိက မတ်တတ်ရပ်ပေးပါ။ ကြားနေသူရှိက မတ်တတ်ရပ်ပေးပါ။ ကန့်ကွက်သူ၊ ကြားနေသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ မူလပြဋ္ဌာန်းချက်အား အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ ၃၂ ဖြစ်ပါတယ်။ စာပိုဒ်(၇)၊ ပုဒ်မ ၁၃ (ပ) ဝန်ကြီးဌာနအဆိုပြုချက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်က သီးခြားအဆိုမပြုဘဲ အတည်ပြုထားပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက် ဖြစ်ပါတယ်။ နိုင်ငံပိုင်မြေ၊ မြို့မြေ၊

ကျေးရွာမြေ၊ လယ်ယာမြေ၊ မြေနုကျွန်း၊ လမ်းမြေ၊ သစ်တောမြေ၊ ကျေးရွာပိုင် ထင်းစိုက်ခင်းမြေ၊ စားကျက်မြေ၊ ကျေးရွာဘုံမြေ၊ သုသာန်မြေများတွင် ခွင့်ပြုချက်မရှိဘဲကျူးကျော်ခြင်း၊ အိမ်စုအသစ်ဆောက်လုပ်ခြင်း၊ ရပ်ကွက်ကျေးရွာအသစ်ဖွဲ့စည်းခြင်း၊ နေအိမ်အဆောက်အအုံဆောက်လုပ်ခြင်းတို့ကို တားမြစ်ခြင်း၊ ယင်းသို့တားမြစ်ခြင်းကို မလိုက်နာပါက သက်ဆိုင်ရာသို့ အရေးယူနိုင်ရန် အကြောင်းကြားသည်။ ဒါ့ကြောင့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို ထပ်ပြီးထောက်ခံမယ့်သူများ မတ်တတ်ရပ်ပေးပါ။ ဖတ်လည်းထပ်ဖတ်ကြည့်ပါ။ အချိန်နည်းနည်းရပါတယ်။ အဲ့ဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အဆိုကို ကန့်ကွက်မယ့်သူများရှိပါက မတ်တတ်ရပ်ပေးပါ။ ထိုင်နိုင်ပါပြီခင်ဗျား။ ဒါ့ကြောင့် ဝန်ကြီးဌာနရဲ့အဆိုပြုချက်၊ ပြည်သူ့လွှတ်တော်ရဲ့ မူလအတည်ပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၃၃၊ အခန်း(၇)၊ ပုဒ်မ ၁၃ (ဖ) ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်ရှိပါတယ်။ အမျိုးသားလွှတ်တော်ကလည်းထပ်မံပြင်ဆင်အတည်ပြုချက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်းထားရှိဖို့ ဥပဒေကြမ်းကော်မတီက တင်ပြပေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ ယခင်ဝန်ကြီးဌာနရဲ့အဆိုပြုချက်ကို ပိုမို၍လေးနက် ကျစ်လစ်စေရန်အတွက် အရေးယူရန်ဆိုတဲ့ စာသားဖြင့် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဒီဥပဒေရပ်မှာ ပိုမိုလေးနက်ကျစ်လစ်စေရန် အဆိုတင်သွင်းခြင်း ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကဲဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကို ကန့်ကွက်မယ့်သူများရှိပါက မတ်တတ်ရပ်ပေးပါ။ ကြားနေမယ့်သူများရှိက မတ်တတ်ရပ်ပေးပါ။ ကြားနေသူ၊ ကန့်ကွက်သူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခန်း(၇)၊ ပုဒ်မ ၁၃(ဗ) ဝန်ကြီးဌာနများရဲ့ အဆိုပြုချက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရှိပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်ရှိပါတယ်။ ဒီအပေါ်မှာတော့ပြင်ဆင်အဆိုပြုမယ့်သူများ မရှိခဲ့ပါဘူး။ ဒါကြောင့် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကို ဖတ်ကြားပါမယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကိုလည်း ထပ်မံဖတ်ကြားပါမယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာ

အတွင်းရှိ မြေတိုင်းမှတ်တိုင်များနှင့် ဆက်စပ်သည့်နယ်နမိတ်မှတ်တိုင် သို့မဟုတ် ကျောက်တိုင်များ စစ်ဆေးကြည့်ရှုခြင်း၊ နယ်နမိတ်တစ်လျှောက်တွင် ဖြစ်ပေါ်သည့်ထူးခြားမှုအခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့တင်ပြခြင်း၊ အမျိုးသားလွှတ်တော်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအတွင်းရှိ မြေတိုင်း မှတ်တိုင်များနှင့်ဆက်စပ်သည့် နယ်နမိတ်မှတ်တိုင် သို့မဟုတ် ကျောက်တိုင်များ စစ်ဆေးကြည့်ရှုခြင်း နယ်နမိတ်တစ်လျှောက်တွင် ဖြစ်ပေါ်သည့် ထူးခြားမှုအခြေအနေကို မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ အဆိုပြုချက်ကို ထောက်ခံမယ့်သူများ မတ်တတ်ရပ်ပေးပါ။ ရပါပြီခင်ဗျား။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ၃၅ ဖြစ်ပါတယ်။ အခန်း(၇)၊ ၁၃(ဘ) လယ်ယာမြေစီမံခန့်ခွဲခြင်းကိစ္စနဲ့ ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်ရှိပါတယ်။တည်ဆဲဥပဒေတစ်ရပ်နဲ့ အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ လယ်ယာမြေစီမံခန့်ခွဲခြင်း အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်က ဝန်ကြီးဌာန၏ အဆိုပြုချက် အတိုင်းထားရှိရန်ဖြစ်သည်။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။ ဥပဒေကြမ်းကော်မတီမှ ရှင်းလင်းတင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်မှာ လယ်ယာမြေစီမံခန့်ခွဲခြင်း၊ လယ်ယာမြေ မူလအငြင်းပွားမှုများကို စစ်ဆေးဆုံးဖြတ်ခြင်းဆိုတဲ့နေရာမှာ လယ်ယာမြေမူလအငြင်းပွားမှုကို စိစစ်ဆုံးဖြတ်တဲ့ဟာမှာ တရားစီရင်ရေးပိုင်းနဲ့ ပတ်သက်နေတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁(က) အရသော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၃(က)၊ ပုဒ်မ ၃၁၇ တို့အရ ကျွန်တော်တို့ဟာ အခြေခံဥပဒေကို လေးစားလိုက်နာသောအားဖြင့် ကျွန်တော်တို့ရဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ လယ်ယာမြေစီမံခန့်ခွဲခြင်းဆိုတဲ့စကားရပ်ကို အစားထိုးတင်သွင်းထားခြင်းဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထပြောလို့လည်း ရပါတယ်။ပြောစရာများရှိပါသလား။

**(ဥပဒေကြမ်းကော်မတီ)**။ ။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အတည်ပြုထည့်သွင်းလိုက်တဲ့ တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ လယ်ယာမြေကို စီမံခန့်ခွဲခြင်းဟာ ပိုပြီးတော့လျော်ကန်သင့်မြတ်လှပါတယ်။ အမျိုးသားလွှတ်တော်က

ပြင်ဆင် အတည်ပြုချက်က လယ်ယာမြေကို စီမံခန့်ခွဲခြင်းဆိုတဲ့နေရာမှာ ကျွန်တော်တို့ လယ်ယာမြေနဲ့ ပတ်သက်လို့ ဥပဒေကြမ်းတစ်ရပ် အတည်ပြုခဲ့သော်လည်းပဲ ပြည်ထောင်စုလွှတ်တော်က အတည်မပြု သေးပါဘူး။ ဒီဥပဒေအရသာလျှင် ဆက်လက်ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် တည်ဆဲဥပဒေ တစ်ရပ်ရပ်နဲ့ အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ လယ်ယာမြေစီမံခန့်ခွဲခြင်းကသာ လျော်ကန် သင့်မြတ်လှပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုတင်ပြချက်ကို ကန့်ကွက်မယ့်သူရှိပါက မတ်တတ်ရပ်ပေးပါ။ ကြားနေမယ့်သူရှိက မတ်တတ်ရပ်ပေးပါ။ ကန့်ကွက်သူ၊ ကြားနေသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့၊ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ၃၆၊ အခန်း(၇)၊ ပုဒ်မ ၁၃(ရ) ဝန်ကြီးဌာန အဆိုပြုချက်ရှိပါတယ်။ ပြည်သူ့ လွှတ်တော်ရဲ့အတည်ပြုချက်ရှိပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ရှိပါတယ်။ အမျိုးသား လွှတ်တော်ရဲ့ပြင်ဆင်ချက်အပေါ် ပြင်ဆင်ရန် တင်ပြချက်ရှိပါတယ်။ တင်ပြမယ့်ဥပဒေကြမ်း ကော်မတီ က ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**(ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်သောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ပြည်သူ့လွှတ်တော်က မူလပြဋ္ဌာန်းခဲ့တဲ့ ဥပဒေမှာ ကျွန်တော်တို့ အရေးယူရန်ဆိုတဲ့စကားလုံးကို ထည့်ထားပါတယ်။ အဲဒီစာပိုဒ်ဟာ ကျွန်တော်တို့အနေနဲ့ ဥပဒေတစ်ရပ်ရပ် ကိုအရေးယူတဲ့နေရာမှာ မှတ်တမ်းတင်ရုံမဟုတ်ဘဲနဲ့ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ ပိုမိုကျစ်လစ်တဲ့အသုံးအနှုန်း ဥပဒေစကားရပ်ဖြစ်တဲ့အတွက် ဒါကိုထည့်သုံးထားခြင်းဖြစ်ပါ တယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကို ကန့်ကွက်မယ့်သူများရှိပါက မတ်တတ်ရပ်ပါ။ ကြားနေမယ့်သူများရှိက မတ်တတ်ရပ်ပေးပါ။ ကန့်ကွက်သူ၊ ကြားနေသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။စာမျက်နှာ ၁၇ ဖြစ်ပါတယ်။အသစ်ထည့်ခြင်း၊ မူလပြဋ္ဌာန်းချက်မရှိပါဘူး။ အမျိုးသား လွှတ်တော်ရဲ့ပြင်ဆင်ချက် စာပိုဒ်ဖော်ပြမှုက ၁၃၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ခြင်း ၁၃(အ)လို့ ပြင်မယ် ဆိုပြီးတော့ ပြင်ဆင်အဆိုပြုထားပါတယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများနှင့်

ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ခြင်း ၁၃(ဠ)ကို အသစ်ထည့်တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဖတ်ပြီး အဓိပ္ပာယ်ရှင်းပြီဆိုလို့ရှိရင်တော့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကန့်ကွက်တဲ့သူများရှိပါက မတ်တတ်ရပ်ပေးပါ။ ပြန်ထိုင်ပါ။ ရှင်းလင်းတင်ပြပါ။

**(ဥပဒေကြမ်းကော်မတီ)**။ ။ ပုဒ်မ ၁၃ (လ) ကျွန်တော်တို့မူလပြဋ္ဌာန်းချက်က တည်ဆဲဥပဒေတစ်ရပ်ရပ်က ပေးအပ်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းလို့ ဖော်ပြထားပါတယ်။ ဒီမှာကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်မှာ နှစ်ခုတွေ့ပါတယ်။ ၁၃ (အ) မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်က ပေးအပ်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းဟာ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ အတူတူပဲ ဖြစ်ပါတယ်။ အဲဒီအပိုဒ်ရဲ့အပေါ်မှာ ကျွန်တော်တို့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ခြင်းဆိုတဲ့ စာသားဖြည့်ထားပါတယ်။ ဒီစာသားကအမှန်တော့မလိုအပ်ပါဘူး။ ဘာလို့ဆိုတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုတဲ့လုပ်ငန်းဟာ စောစောက ကျွန်တော်တို့ မူလဥပဒေမှာ တည်ဆဲဥပဒေတစ်ရပ်ရပ်က ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း ဖော်ပြထားတဲ့အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုတာ ဥပဒေတစ်ခုရဲ့ အစိတ်အပိုင်းမျှသာဖြစ်ပါတယ်။ စောစောက မူရင်းဥပဒေရှိပြီးဖြစ်တဲ့အတွက် လျော့ကန်သင့်မြတ်ပါကြောင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ အခွင့်အရေးကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ခုနကထောက်ခံသွားတဲ့ ၏သူကို ထပ်မံထောက်ခံဖို့အတွက် တင်ပြခြင်းဖြစ်ပါတယ်။ နှစ်ပိုင်းရှိပါတယ်ခင်ဗျား။ အုပ်ချုပ်ရေးအပိုင်းနဲ့ တရားဥပဒေအပိုင်း နှစ်ပိုင်းလုံးကို ခြုံငုံပြီးတော့တင်ပြသွားမှာဖြစ်ပါတယ်။ ဥပဒေသည် အားလုံးကို ခြုံငုံမိအောင် ယေဘုယျမဆန်သောစကားမျိုးဖြင့်အသုံးအနှုန်းဖြင့် ပြဋ္ဌာန်းရတာဖြစ် ပါတယ်။ ထို့အတူ အုပ်ချုပ်ရေးပိုင်းသည်လည်း Law ကို Inforcement လုပ်ဖို့အတွက် Law Inforcement လုပ်ငန်းတာဝန်ကို တိတိကျကျဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ တည်ဆဲဥပဒေတစ်ရပ်ရပ် ဆိုတာဟာ မြန်မာနိုင်ငံအတွင်းမှာ သို့တည်းမဟုတ်အစိုးရဝန်ကြီးဌာနအားလုံးကပြဋ္ဌာန်းထားတဲ့ဥပဒေများကို ပါဝင်ခြုံငုံထားပြီးဖြစ်ပါတယ်။ Separately တသီးတခြား ခုနကတင်ပြသလို ဝန်ကြီးဌာနတစ်ခု၊ လုပ်ငန်းတစ်ခုစီအတွက်မဟုတ်ဘဲနဲ့ အားလုံးခြုံငုံမိတဲ့ ဥပဒေဖြစ်တဲ့အတွက်ကြောင့် မူလပြည်ထဲရေးဝန်ကြီးဌာနရဲ့တင်ပြထားတဲ့ ဥပဒေအတိုင်းသာဖြစ်သင့်ကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဦးဌေးဦး(ဟင်္သာတမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ထောက်ခံတဲ့သူ နှစ်ယောက်ရှိနေတဲ့အတွက် အထူးပြောစရာမလိုပါဘူး။ မူလအတိုင်းကိုပဲ သဘောတူကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥက္ကဋ္ဌကြီးရဲ့ မေတ္တာရပ်ခံချက် တကယ်လို့များအခုလို ကိစ္စမျိုးရှိတယ် ဆိုလို့ရှိရင် စပြီးတော့ ဒီကနေပြီးတော့ ထောက်ခံ၊ မထောက်ခံ မမေးခင်ကထပြီးတော့ ဒီလိုလေးတင်ပြလိုက်မယ် ဆိုပြီးတော့ ပြန်ပြီးတော့ ဖျက်စရာမလိုတော့ဘူးပေါ့လေ။ အခုတော့ ပြန်ဖျက်ရဦးမှာပေါ့။ ဒါကြောင့် ခုန ၃၇၊ အခန်း(၇) အသစ်ထည့်ခြင်းဆိုတဲ့ဟာနဲ့ပတ်သက်လို့ ထည့်စရာမလိုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။၃၈၊ အခန်း(၇)၊ ၁၃(ဌ)ဒါလည်း မလိုတော့ဘူး။ တည်ဆဲဥပဒေတစ်ရပ်က တာဝန်ပေးထားသောလုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်းဆိုတော့ ဒါလည်းပြီးပါပြီ။ ၃၉၊ အခန်း(၈)၊ ပုဒ်မ၁၅(င)၏အောက်တွင် အသစ်ထည့်။ မူလပြဋ္ဌာန်းချက်မရှိပါဘူး။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရှိပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ရှိပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အပေါ် ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ထားရှိရန်ဖြစ်ပါသည်။ ဥပဒေကြမ်း ကော်မတီမှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**(ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအခန်းမှာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် အတည်ပြုချက်ထားတဲ့အတိုင်းထားရှိသင့်တယ်လို့ တင်ပြရတဲ့အကြောင်းရင်းကတော့ အခန်း(၈)၊ ပုဒ်မ ၁၅ မှာကျွန်တော်တို့(စ) အနေနဲ့ ထပ်မံဖြည့်စွက်ထားတဲ့ဤဥပဒေ အခန်း(၃)တွင် ပြဋ္ဌာန်းထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ အရည်အချင်းပျက်ယွင်းခြင်းဆိုတဲ့ စကားရပ်ဟာဖြင့် ဥပဒေစကားရပ်ဖြစ်ပြီးတော့ ကျစ်လစ်ခိုင်မာသော ပြည့်စုံပြီးသောဥပဒေရပ် ဖြစ်ပါတယ်။ ကျွန်တော်တို့ ပျက်ယွင်းကြောင်း စစ်ဆေးတွေ့ရှိခြင်းဆိုတာဟာ ကျွန်တော်တို့ ဥပဒေစကားရပ် မဟုတ်ပါဘူးခင်ဗျား။ နောက်ပြီးတော့ ကျွန်တော်တို့ ထပ်မံဖြည့်စွက်လိုတဲ့ (ဆ)ဟာဆိုရင်လည်းပဲ ပုဒ်မ ၁၇ အရ မူလဆန္ဒပြုရွေးချယ်ထားသည့် ပုဂ္ဂိုလ်များ၏ထက်ဝက်ကျော်၏ တင်ပြချက်မှာ မှန်ကန်ကြောင်း တွေ့ရှိခြင်းဆိုတဲ့အချက်ဟာလည်း မလိုအပ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရဲ့ အရည်အချင်းပျက်ယွင်းသူဆိုလို့ရှိရင် ကျွန်တော်တို့ ဒီလူဟာ ဆက်လက်ခန့်ထားရန် မလိုအပ်တော့ဘဲနဲ့ အကယ်၍များ ဥပဒေနဲ့ သူချို့ယွင်းခြင်းမရှိဘဲနဲ့ ဒီမူလဆန္ဒပြုထားတဲ့သူက စည်းရုံးလို့သော်လည်းကောင်း၊ မလျော်သြဇာသုံးလို့သော်လည်းကောင်း

အကြောင်းတစ်ရပ်ရပ်ကြောင့် ဝိုင်းဝန်းပြီး တင်ပြမယ်ဆိုလို့ရှိရင် မလိုလားအပ်တဲ့ ရပ်/ကျေး အုပ်ချုပ်ရေးမှူးတွေကို ထိခိုက်နိုင်တဲ့အတွက် ဒီဟာထပ်မံထည့်ဖို့ မလိုကြောင်းကိုတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။အခုတင်ပြသွားတာက ဥပဒေကြမ်းကော်မတီနဲ့ ၃၉ ကော၊ ၄၀ ကော တစ်ပါတည်း ဖြစ်သွားပါတယ်။ ဒါကြောင့်မို့လို့ တစ်ခုကိုပထမအရင်ကြေညာပါမယ်။ ဒီဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်သည် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ဟာ အတည်ပြုရန်ဖြစ်ကြောင်း ပြောပါတယ်။ ဒါကြောင့်မို့လို့ ကန့်ကွက်တဲ့သူများရှိပါက မတ်တတ်ရပ်ပေးပါ။ ကြားနေမယ့်သူများရှိပါက မတ်တတ် ရပ်ပေးပါ။ ကန့်ကွက်သူ၊ ကြားနေသူမရှိတဲ့အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ မူလပြဋ္ဌာန်းချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ၄၀၊စာပိုဒ်ခွဲ(ဆ)လည်း ကန့်ကွက်ရန်ရှိက မတ်တတ်ရပ်ပေးပါ။ ကြားနေရန်ရှိက မတ်တတ်ရပ်ပေးပါ။ ကြားနေ၊ ကန့်ကွက်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ မူလပြဋ္ဌာန်းချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၈၊ အမှတ်စဉ် ၄၁၊ အခန်း(၉)၊ ပုဒ်မ ၁၆ အောက်တွင် အသစ်ထည့် ခြင်း၊ မူလပြဋ္ဌာန်းချက်မရှိပါဘူး။ ပြည်သူ့လွှတ်တော်ကလည်း အတည်ပြုချက်သီးခြား မရှိပါဘူး။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ရှိပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အပေါ် ပြင်ဆင်ရန် တင်ပြသူ ဦးအောင်သိန်းက နှစ်ခုလုံးဖတ်ကြားပြီးတဲ့အခါမှာ ရှင်းလင်းတင်ပြပေးဖို့ ဖြစ်ပါ တယ်။

**ဦးအောင်သိန်း(ရွှာငံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် အခန်း(၅)ပါ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ် ကိုဖောက်ဖျက်ကြောင်း တွေ့ရှိလျှင်သော်လည်ကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ အရည်အချင်းပျက်ယွင်းကြောင်း တွေ့ရှိလျှင်သော်လည်ကောင်း၊ မူလဆန္ဒပြု ရွေးချယ်ပေးထားသည့်ပုဂ္ဂိုလ်များ၏ ထက်ဝက်ကျော်က လက်မှတ်ရေးထိုးပြီး မြို့နယ် အုပ်ချုပ်ရေးမှူး ထံတင်ပြနိုင်သည်လို့ ပြင်ဆင်ထားပါတယ်။ အဲဒီပြင်ဆင်ချက်ကို ကျွန်တော်က ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးသည် အခန်း(၅)မှာ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်ကို ဖောက်ဖျက် ကြောင်းတွေ့ရှိလျှင်သော်လည်းကောင်း ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး၏အရည်အချင်း ပျက်ယွင်းကြောင်းတွေ့ရှိလျှင်သော်လည်းကောင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု

အတွင်း နေထိုင်သူများအနက် အနည်းဆုံးတစ်ရာခိုင်နှုန်းက လက်မှတ်ရေးထိုးပြီး မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြနိုင်သည်လို့ ကျွန်တော်က ပြန်လည်ပြင်ဆင်ချက် တင်ပြထားပါတယ်။ အဲဒါဘာကြောင့် ကျွန်တော်တင်ပြတုန်းဆိုရင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁) နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၄ မှာ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံး၌သိသည်ဟု ပြဋ္ဌာန်းချက်အရလည်းကောင်း၊ နောက်ပြီး ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေကို Rule to Record လုပ်တဲ့အခါမှာ တစ်ရာခိုင်နှုန်းသတ်မှတ် ထားတာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီအုပ်ချုပ်ရေးမှူးကိုလည်း ကျေးရွာအတွင်းမှာ၊ ရပ်ကွက်အတွင်းမှာနေတဲ့သူရဲ့ အနည်းဆုံး တစ်ရာခိုင်နှုန်းက လက်မှတ်ရေးထိုးပြီး မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြခြင်းအားဖြင့် ပိုမိုဆီလျော်မယ်လို့ ယူဆတဲ့အတွက် ပြင်ဆင်ချက်တင်သွင်းရခြင်းဖြစ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကဲဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အပေါ် ရွှာငံမဲဆန္ဒနယ်က ဦးအောင်သိန်းက ပြင်ဆင်ချက်အဆို တင်ပြထားပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကန့်ကွက်သူရှိပါက မတ်တတ်ရပ်ပေးဖို့ဖြစ်ပါတယ်။ ဦးအောင်သိန်းရဲ့အဆို ကန့်ကွက်တဲ့သူရှိရင် မတ်တတ်ရပ်ပါ။ ဦးအောင်သိန်းရဲ့အဆိုက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် အခန်း (၅)။ ထိုင်နိုင်ပါပြီ။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှင်းအောင်တင်ပြချင်ပါတယ်။ အခု ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကအပိုဒ် ၁၇ကို ဖြည့်စွက်ချက်အနေနဲ့ ဖြည့်တာဖြစ်ပါတယ်။ အဲဒီဖြည့်စွက်ချက်ကို ပြင်ဆင် ပြီးတော့မှဦးအောင်သိန်းကတင်ပြတာဖြစ်ပါတယ်။ ကျွန်တော်တို့ ကန့်ကွက်တယ်ဆိုတာ မူလအတိုင်း ထားရှိဖို့ အမျိုးသားလွှတ်တော်ကတင်ပြတဲ့ ၁၇ ကိုလည်း ကန့်ကွက်ပါတယ်။ ဦးအောင်သိန်း ပြင်ဆင်တဲ့ဥစ္စာကိုလည်း ကန့်ကွက်ခြင်းဖြစ်ကြောင်း ကျွန်တော့်အနေနဲ့တင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒီလိုဆိုရင် ဦးအောင်သိန်းဟာကိုကန့်ကွက်တာ မဟုတ်ဘူး။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ ဘာမှမဖြည့်ချင်ပါဘူး။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကဲဒီလိုဆိုရင်တော့ အခု ဦးဌေးဦးပြန်ပြီးတော့ ပြင်ဆင်နိုင်အောင်တင်ပြတာက အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်ကိုလည်း ကန့်ကွက်တယ်။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အပေါ် ဦးအောင်သိန်းရဲ့ပြင်ဆင်ချက်ကိုလည်း ကန့်ကွက်တယ်။ ဒီဟာအားလုံးမှန်တယ်ဆိုလို့ ရှိရင်တော့ ဒါကျွန်တော်တို့က ကန့်ကွက်အဆိုဖြစ်တဲ့အတွက် ဒီဟာအားလုံးဟာ ဘယ်ပါသွားမလဲ

ဆိုတော့ ပြည်ထောင်စုလွှတ်တော်ပါသွားမယ့်သဘောရှိပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုလွှတ်တော်မှာလည်း မိမိတို့အခုကန့်ကွက်ခဲ့တဲ့ဟာတွေ၊ အဆိုပြုတာတွေက ပြည်သူ့လွှတ်တော်က အားလုံးအတည်ပြုထားတဲ့အတွက် ပြည်ထောင်စုလွှတ်တော်ရောက်သွားတဲ့အခါမှာလည်း ဒီအတိုင်းပဲ အားလုံးဖြစ်ရပါမယ်။ ပြည်ထောင်စုလွှတ်တော်ရောက်သွားတဲ့အခါမှာ ဒီလိုမဟုတ်ဘဲနဲ့ တစ်မျိုးဖြစ်သွားမယ်ဆိုလို့ရှိရင် ကျွန်တော်တို့လွှတ်တော်ရဲ့ခုနကဂုဏ်သိက္ခာရော၊ အခြားဆောင်ရွက်မှုတွေကကော အဓိပ္ပါယ်တစ်မျိုးသက်ရောက်သွားနိုင်တာကိုလည်း ကျွန်တော်တို့အားလုံး သဘောပေါက်ဖို့လိုပါတယ်။ ဒါကြောင့် အခု ပုဒ်မ ၄၁ အခု ဒီလိုပြောလိုက်တဲ့သဘောကတော့ ကျွန်တော်နားလည်တာ ဒီအပိုဒ်ထည့်စရာမလိုဘူးလို့ ကျွန်တော်တို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ဆုံးဖြတ်တယ်။ ကဲဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ဘက်ကပဲပြောပါမယ်။ ဒီအမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်ကော၊ အမျိုးသားလွှတ်တော်ကပြင်ဆင်ထားတဲ့ ဦးအောင်သိန်းရဲ့အဆိုများကို ပြည်သူ့လွှတ်တော်က ကန့်ကွက်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမှတ်စဉ် ၄၂၊ စာပိုဒ် ၉၊ အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကနေစပြီးတော့ ဝန်ကြီးဌာနအဆိုပြုထားပါတယ်။ ပြည်သူ့လွှတ်တော်ကသီးခြားအတည်ပြုချက်မပြုပါဘူး။ အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်ပေးထားပါတယ်။ ၁၈(က) အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုခုအတွင်းနေထိုင်ပြီး မိမိအိမ်ထောင်စုစာရင်းဝင်မဟုတ်သူက ညဥ့်အိပ်၊ ညဥ့်နေ ဧည့်သည်အဖြစ်လာရောက်တည်းခိုခြင်း၊ ၁၈(ဃ)ပါ။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အဆိုကို ထောက်ခံမယ့်သူများရှိကမတ်တတ်ရပ်ပေးပါ။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်အဆိုပြုချက်ကို ထောက်ခံတဲ့သူတွေ။ ကဲခဏထိုင်နိုင်ပါပြီ။ ဒီနေရာမှာလည်း ကျွန်တော်တို့ကထောက်ခံတဲ့သူမေးလိုက်တယ်။ ထတာကဒီလိုသို့ရာတွင် ဒီအဓိပ္ပါယ်တွေကို ကွဲပြားအောင်ဘာ့ကြောင့်ထောက်ခံတယ်ဆိုတာ ရှင်းပေးနိုင်ပါတယ်။ ကျွန်တော်တို့က အဓိပ္ပါယ်မသိဘဲနဲ့ ထောက်ခံတယ်။ ကန့်ကွက်တယ်။ ဖြစ်ခဲ့တာတွေရှိလို့ပါ။

**ဦးနန္ဒကျော်စွာ(ဒုတိယဥက္ကဋ္ဌ)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ထောက်ခံတဲ့လူ၊ ပုဂ္ဂိုလ်များရဲ့ကိုယ်စား သို့သော် ကျွန်တော့်ဘက်က တင်ပြတာ လိုအပ်သွားတာရှိရင်တော့ ကျန်တဲ့ပုဂ္ဂိုလ်များ ဆက်လက်ပြီးထောက်ခံတင်ပြပါလိမ့်မယ်။ ကျွန်တော်တို့ အနေနဲ့ ပြောချင်တာကတော့ မြန်မာစာအရေးအသားလေးက ပိုပြီးတော့လည်း ပြည့်စုံနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကျွန်တော်တို့ပထမမူလပြဋ္ဌာန်းထားတဲ့နေရာမှာ ကျွန်တော်တို့ရဲ့လိုအပ်ချက်လည်း ပါရှိသွားပါလိမ့်မယ်။ အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုမှပြီးတော့မှ သူကအိမ်ထောင်စုစာရင်းဝင် မဟုတ်သူဆိုတော့ အိမ်ထောင်စုစာရင်းဝင်ဟာ

ဘယ်ရဲ့အိမ်ထောင်စု စာရင်းဝင်မဟုတ်မှန်းဖြစ်နေပါတယ်။ ဒါကြောင့်မို့ ဒီဘက်မှာတော့ရေးထားတာ ပြတ်ပြတ်သားသားလေး အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုခုတွင် နေထိုင်ပြီးတော့ မိမိရဲ့အခုဧည့်သည် အဖြစ်လာမှာဖြစ်တဲ့အတွက် အိမ်ရှင်မိမိရဲ့အိမ်ထောင်စုစာရင်းဝင်မဟုတ်သူ တချို့ကျတော့ ကျွန်တော်တို့ရှိပါတယ်။ ကိုယ့်ရဲ့အိမ်ထောင်စုစာရင်းဝင်ပဲ။ သို့သော်လည်း တာဝန်အရ တခြားမှာ သွားနေကြတဲ့လူတွေရှိပါတယ်။ တခြားမှာဧည့်စာရင်းတိုင်ပြီးနေတာလည်း ဖြစ်ပါလိမ့်မယ်။ သို့သော်လည်း မိမိအိမ်ကိုမိမိပြန်ရောက်လာတဲ့အခါမှာ မိမိရဲ့အိမ်ထောင်စုစာရင်းဝင်ဖြစ်ခဲ့ရင်တော့ သူဟာဧည့်သည်မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုခုမှာ နေထိုင်ပါတယ်။ ပြီးတော့မှ မိမိရဲ့အိမ်ထောင်စုစာရင်းဝင်လည်း မဟုတ်တဲ့သူက ညဥ့်အိပ်၊ ညဥ့်နေအဖြစ်နဲ့ မိမိအိမ်မှာလာရောက်ပြီးတော့ ဧည့်သည်အဖြစ်နဲ့ လာရောက်တည်းခိုတာကိုဖြစ်တဲ့ အတွက် ကျွန်တော် ကအဲဒီအတိုင်းယူဆပြီးတော့ ထောက်ခံတာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးအောင်မြသန်း(ညောင်တုန်းမဲဆန္ဒနယ်)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ စောစောက ဒုတိယဥက္ကဋ္ဌကြီး တင်ပြတဲ့အချက်က ကျွန်တော်တို့ လျော်ကန်သင့်မြတ်ပါတယ်။ ဘာလည်းဆိုတော့ မူလပြဋ္ဌာန်းချက်က အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုခုမှ အိမ်ထောင်စုစာရင်းဝင်ဆိုတဲ့ ဟာကြီးက အောက်နဲ့အပေါ်နဲ့ အိမ်ရှင်နဲ့ဧည့်သည်နဲ့ ရောထွေးလျက်ရှိပါတယ်။ အမျိုးသား လွှတ်တော်က ပြင်ဆင်အတည်ပြုချက်ကတော့ တိတိကျကျဧည့်သည်ရဲ့သူ့ရဲ့နေရပ်မှာနေပြီးတော့ လာရောက်တည်းခိုတဲ့အခါမှာလည်း အိမ်ရှင်ရဲ့ဧည့်စာရင်းဝင်လည်းမဟုတ်ဘူး။ ဧည့်သည်ဖြစ်တယ် ဆိုတာ တိကျစွာဖော်ပြထားတဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်သာလျှင် လျော်ကန်သင့်မြတ်ပါတယ်။ (သြဘာသံများ)

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနကတော့ ကျွန်တော်တို့လည်းပဲ အဓိပ္ပါယ်နဲ့ပတ်သက်လို့ ဒီနှစ်ခုကိုဖတ်ကြည့်တဲ့အချိန်မှာ သာမန်အားဖြင့်တော့ သဘောချင်းအတူတူ ပါပဲ။ အခြားနေရာကလာတဲ့လူဆိုလို့ရှိရင် ဧည့်စာရင်းတိုင်ရမယ်ဆိုတဲ့သဘောပါပဲ။ ကျွန်တော်တို့ မူလ ပြဋ္ဌာန်းချက်ကော၊ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်ကောက အဓိပ္ပါယ်မပြောင်းလဲ ပါဘူး။ သို့သော်လည်းပဲ ခုနက ဆွေးနွေးတဲ့အထဲကလိုပဲ ဒုတိယအမျိုးသားလွှတ်တော်က ပြင်ဆင် အတည်ပြုချက်နဲ့ပတ်သက်လို့ကတော့ ပိုပြီးပြည့်စုံတဲ့သဘောတော့ရှိပါတယ်။ တစ်ခုအနေနဲ့ကတော့ ကျွန်တော်တို့ ကိုယ့်ဘက်ကနေ အတည်ပြုမိပြီးသားဖြစ်တဲ့အတွက် ဒါကိုပဲ ကျွန်တော်တို့က ဆက်အတည်ပြုနေမယ့်အစား ဟိုဘက်ကသင့်တော်တယ်ဆိုလို့ရှိရင်တော့လည်းပဲ ကျွန်တော်တို့က

လက်ခံပြီးလို့ရှိရင် ပြည်ထောင်စုလွှတ်တော်မှာ ဒီအပိုဒ်ကလုံးဝမပါတော့ဘဲ ကျွန်တော်တို့ ပိုပြီးတော့မှ အချိန်သက်သာမယ့်သဘောဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ခုနတုန်းက ဒီဥစ္စာနဲ့ပတ်သက်လို့ လက်ရှိပြဋ္ဌာန်းချက်ကို အတည်ပြုမယ့်အစား ဒုတိယကျွန်တော်တို့ အမျိုးသားလွှတ်တော်က ပြင်ဆင် အတည်ပြုတဲ့ဟာသည် ပိုပြီးလည်းပြည့်စုံတယ်။ အဓိပ္ပါယ်လည်းပြောင်းလဲမှု မရှိတဲ့အတွက် ဒါကိုပဲ ကျွန်တော်တို့ အတည်ပြုသင့်ပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့မူလစပြောတည်းကိုက ဒီမူဝါဒပါပဲ။ ကျွန်တော်တို့ဘက်က အတည်ပြုထားတာကို အမျိုးသားလွှတ်တော်ကိုပို့တယ်။ အမျိုးသားလွှတ်တော်က ပြန်လည်အတည်ပြု ပြင်ဆင်ချက်များနဲ့ ပြန်ပို့လာတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အတည်ပြုထားတဲ့ဟာထက် ပိုကောင်းတဲ့ဟာတွေကို ကျွန်တော်တို့လက်ခံဖို့လိုတယ်။ အခု ဒီမူနဲ့လည်းကိုက်ညီပါတယ်။ ဒါကြောင့် မို့လို့ ဒီအမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အား ကန့်ကွက်မယ့်သူရှိပါသလား။ ကြားနေမယ့်သူ ရှိပါသလား။ ကြားနေသူ၊ ကန့်ကွက်သူမရှိတဲ့အတွက် ပိုမိုဆီလျော်တဲ့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အား အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို နေ့လယ်စာ စားသုံးရန်အတွက် ၁ နာရီခန့်ရပ်နားပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီးခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ဒီနေ့တစ်နေ့တာ အစီအစဉ်လေး ကြိုတင်တင်ပြလိုပါတယ်။ ဒီနေ့ ရည်မှန်းချက်ကတော့ ပြည်သူ့လွှတ်တော်အနေနဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေး ဥပဒေများကို ဒီကနေ့အပြီး၊ ထိုနည်းတူစွာပဲ တန်းစီ လှည့်လည်ခြင်းဥပဒေကို ဒီနေ့အပြီးရည်ရွယ်ထားပါတယ်။ ဘာကြောင့်ရည်ရွယ်ထားသလဲဆိုရင် ဒီနေ့ ပြီးတဲ့အခါမှာ နောက်အပါတ် သို့မဟုတ်ရင် ဟိုးနောင်လာမယ့်အပတ်မှာ ကျွန်တော်တို့လွှတ်တော်များ အားလုံးရပ်ဆိုင်းပြီးတော့ နောက်တစ်ပတ် Section ကူးဖို့အတွက် ဒီလိုရည်မှန်းထားပါတယ်။ သို့ရာတွင် နောက်တစ်ပတ်ကူးတဲ့အခါကျတော့ ရုံးပိတ်ရက်နှစ်ရက် တိုးလာပါတယ်။ နှစ်ရက်တိုးတဲ့ အတွက် နောက်တစ်ပတ်မှာ ကျွန်တော်တို့ရုံးဖွင့်ရက်သုံးရက်ပဲရှိပါတယ်။ သုံးရက်အတွင်းမှာ ကျွန်တော်တို့ ဒီကနေပြီးတော့ ဆွေးနွေးဆုံးဖြတ်လိုက်တဲ့ အတည်ပြုလိုက်တဲ့ ဥပဒေကြမ်းတွေကို ပြည်ထောင်စုလွှတ်တော်ကိုပို့ပြီးတဲ့အခါမှာ ပြည်ထောင်စုလွှတ်တော်မှာ ဒါတွေကိုဆွေးနွေးရမယ်။

ဆွေးနွေးတဲ့အခါမှာ ပေးပို့ပို့ချင်းရောက်တဲ့ရက်မှာ ဆွေးနွေးလို့မရပါဘူး။ သတ်မှတ်ပေးတဲ့ရက်မှာ ဆွေးနွေးရမှာ ဖြစ်ပါတယ်။ ဒီလိုဆိုရင်နောက်အပတ်မှာ ခုန ရုံးပိတ်ရက် နှစ်ရက်ခံနေတဲ့အတွက် ကျွန်တော်တို့ပေးလိုက်တဲ့ ဒီနေ့ပြီးခဲ့တယ်ဆိုရင် ဒီနေ့ပေးလိုက်တဲ့ ဥပဒေကြမ်းတွေကို နောက်တစ်ပတ်မှာ ဆွေးနွေးမယ်ဆိုလို့ရှိရင် မပြီးပြတ်နိုင်တဲ့အနေအထားဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ ဒီနေ့အခြေအနေအရပ်ရပ်ကိုသုံးသပ်ပြီးတဲ့အခါမှာ နောက်တစ်ပတ်မှာမပြီးမယ့် အတူတူတော့ နောက်တစ်ပတ်မှာရုံးပိတ်ရက်များတာအတူတူတော့ နောက်တစ်ပတ်မှာလွှတ်တော်ကို ခေတ္တရပ်နားဖို့ စီစဉ်ထားပါတယ်။ လွှတ်တော်ကိုခေတ္တရပ်နားဖို့ဆိုတဲ့အတွက် ဒီနေ့ပြီးတာနဲ့ တနင်္လာကနေ သောကြာ အထိ ကြားမှာနှစ်ရက်ရုံးပိတ်ရက်အပါအဝင် လွှတ်တော်ရပ်နားပြီးတော့ လွှတ်တော်ကို ဟိုးလာမယ့် တစ်ပတ်ကျော်မှာ စီစဉ်ထားပါတယ်။ ဘယ်လိုပဲစီစဉ် စီစဉ် ဒီနေ့ကတော့ ဒီဥပဒေကိုပြတ်မှဖြစ်ပါမယ်။ ပြတ်မှဖြစ်မှာဖြစ်တဲ့အတွက် မြန်မြန်တော့သွားပါမယ်။ ဒါပေမယ်လို့ အမှားလည်းမရှိအောင်လုပ်ပါ မယ်။ မူလဒီဥပဒေကိုတော့ ကျွန်တော်က ၃ နာရီခွဲလောက်မှာပြီးမယ်လို့ မှန်းပါမယ်။ ဒါပေမယ့်လို့ ကျွန်တော်တို့ ခုန အရေးကြီးကိစ္စများကို တိုင်ပင်ညှိနှိုင်းတဲ့အတွက် အချိန်နည်းနည်းနောက်ကျသွားပါ တယ်။ နောက်ကျတဲ့နေရာမှာ ကြားမှာနာရီဝက်မနားတော့ဘဲနဲ့ တောက်လျှောက် ပြီးသွားအောင် ဆက်လုပ်ပါမယ်။ အဲ့လိုလုပ်တဲ့အခါမှာ အညောင်းအညာပြေဖို့ရယ်၊ နောက်တစ်ခါ အပေ့ါအပါး သွားမယ်ဆိုလို့ရှိရင် သွားပါ။ ကျွန်တော်တို့ကျန်တဲ့လူနဲ့ ဆက်ပြီးတော့ ဥပဒေပြတ်အောင်လုပ်ပါမယ်။ စာမျက်နှာ ၁၉၊ အမှတ်စဉ် ၄၃၊ အခန်း (၉) ၁၈ ဒီမှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ရှိပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို ဥပဒေကြမ်းကော်မတီတစ်ယောက်က ထဖတ်ပါ။ ဖတ်ပြီးတဲ့ အခါမှာ ဒီပေါ်မူတည်ပြီးတော့ ကျွန်တော်တို့ အတည်ပြု၊ မပြု ဆက်ပြီးတော့ဆောင်ရွက်ပါမယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီက ဦးသိန်းထွန်းဦး ထဖတ်ပါ။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း (၉)၊ ပုဒ်မ ၁၈ အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူသည် အသံချဲ့စက်ဖွင့်လိုပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံမှ ခွင့်ပြုမိန့်ရယူရမည့်အပြင် သတ်မှတ်ထားသည့်စည်းကမ်းချက်များကိုလည်း လိုက်နာရမည်ဆိုပြီးတော့ အမျိုးသားလွှတ်တော်က ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီမှာ ဘာကွာခြားချက်ရှိလဲ။ " အ " တစ်လုံးပဲကွာတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အပြင်နေရာမှာ သူကရယူရမည့်အပြင် "အ" တစ်လုံးပြုတ်ခဲ့ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ကဲဒါကြောင့်မို့လို့ မြင်နေပြီလေ။ အဲ့ဒီကောင်နဲ့ ကဲဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို ထောက်ခံတဲ့သူရှိရင်မတ်တတ်ရပ်ပေးပါ။ ကြားနေမယ့်သူတွေမတ်တတ်ရပ်ပေးပါ။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနရဲ့အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နောက်တစ်ပိုဒ်၊ ပုဒ်မ ၄၄ ဦးသိန်းထွန်းဦးပဲထဖတ်ပေးပါ။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်၊ အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူသည် ဘိလိယက်ခုံနှင့် ဘိလိယက်ခုံကဲ့သို့သော အများပြည်သူနဲ့ သက်ဆိုင်သည့် ဖျော်ဖြေမှု၊ အပန်းဖြေအနားယူမှုလုပ်ငန်းများ တည်ထောင်လိုပါက သက်ဆိုင်ရာတာဝန်ရှိသူထံမှ ခွင့်ပြုချက်ရယူရမည့်အပြင် သတ်မှတ်ထားသည့်စည်းကမ်းချက်များကိုလည်း လိုက်နာရမည်။

**ဥက္ကဋ္ဌ**။ ။ ကဲဒါကြောင့်မို့လို့ အသံတွေထွက်လာပါတယ်။ ဆွေးနွေးတဲ့အသံထွက်တဲ့ တစ်ယောက်ကပဲ ထပြီးတော့ဆွေးနွေးပေးပါ။ ကဲဆွေးနွေးမယ့်လူမရှိဘူးဆိုလို့ရှိရင် အခုအမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်ထောက်ခံမယ့်သူရှိရင် မတ်တတ်ရပ်ပေးပါ။ ကြားနေမယ့်လူရှိရင် မတ်တတ်ရပ်ပေးပါ။ ဒါကြောင့်မို့လို့ အားလုံးကန့်ကွက်တဲ့အတွက် ဝန်ကြီးဌာနအဆိုပြုချက်၊ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် အတည်ပြုချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နောက် ၄၅ ဦးသိန်းထွန်းဦးပဲထဖတ်ပေးပါ။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်၊ အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း ၉၊ ပုဒ်မ ၂၀ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူသည် ဘိလိယက်ခုံနှင့် ဘိလိယက်ခုံကဲ့သို့သော အများ ပြည်သူနဲ့သက်ဆိုင်သည့် သည်းခံပါခင်ဗျာ။ အခန်း ၉ ပုဒ်မ ၂၁ ဒီမှာတော့ ကျွန်တော်တို့အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက် ပုဒ်မ ၂၂ ဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူသည် အခမ်းအနားများ၊ အများပြည်သူဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရပြုလုပ်သည့်ပွဲများကို ကျင်းပလိုပါက သက်ဆိုင်ရာတာဝန်ရှိသူထံမှ ခွင့်ပြုမိန့်ရယူရမည့်အပြင် သတ်မှတ်ထားသည့် စည်းကမ်းချက်များကိုလည်းလိုက်နာရမည်။

**ဥက္ကဋ္ဌ**။ ။ ကဲ အားလုံးလည်းဖတ်ပြီးဖြစ်တဲ့အတွက် ဒီဟာကို အမျိုးသား လွှတ်တော်ရဲ့ ပြင်ဆင်ချက်ထောက်ခံမယ့်သူများရှိကမတ်တတ်ရပ်ပေးပါ။ ကြားနေမယ့်သူများရှိက မတ်တတ်ရပ်ပေးပါ။ ထောက်ခံမယ့်သူမရှိတဲ့အတွက် အားလုံးကန့်ကွက်ပါတယ်။ ကန့်ကွက်တဲ့အတွက် ဝန်ကြီးဌာန

အဆိုပြုချက် အတည်ပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ ကဲ ဦးသိန်းထွန်းဦးပဲ။ အိပ်ငိုက်မယ့်သူတွေ နောက်ထဖတ်ခိုင်းမယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်၊ အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် ၂၄ ဘေးအန္တရာယ်တစ်စုံတစ်ရာကျရောက်ပြီး အရေးပေါ်အခြေအနေပေါ်ပေါက်သည့်အခါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူသည် အများပြည်သူအကျိုးငှာ တိုက်ရိုက်အကျိုးပြုသည့်လုပ်ငန်းများကို ကူညီဆောင်ရွက်ရမည်။

**ဥက္ကဋ္ဌ**။ ။ ဒါနဲ့ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို ထောက်ခံမယ့်သူရှိရင်မတ်တတ်ရပ်ပါ။ အားလုံးရပါပြီခင်ဗျာ။ ထိုင်နိုင်ပါပြီ။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄၇ ဖတ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်၊ အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း ၁၀၊ ပုဒ်မ ၂၄ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက် ၂၅(ခ) ဘာသာသာသနာဆိုင်ရာကိစ္စရပ်များဆောင်ရွက်မှုအခွင့်အရေး၊ ပုဒ်မခွဲ(ဂ) စာပေယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းများပြုစုပျိုးထောင်နိုင်မှုအခွင့်အရေးဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက် ထောက်ခံမယ့်သူများမတ်တတ်ရပ်ပေးပါ။ ကြားနေမယ့်သူများ မတ်တတ်ရပ်ပေးပါ။ ထောက်ခံ၊ ကြားနေမရှိတဲ့အတွက် မူလအဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်ဖတ်ပါ။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်၊ အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၄၈ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက် ၂၆ စီမံခန့်ခွဲရေးနည်းလမ်းအရဆောင်ရွက်ခြင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၁၈ ပါတာဝန်ကိုဆောင်ရွက်ရန်ပျက်ကွက်သူအား ကျပ် ၅၀၀၀ ထက်မပိုသော ဒဏ်ကြေးကိုပေးဆောင်စေနိုင်သည်။

**ဥက္ကဋ္ဌ**။ ။ ဒါကို ဥပဒေကြမ်းကော်မတီက မူလပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ပယ်ဖျက်ရန်ဖြစ်သည်လို့ ဖော်ပြထားပါတယ်။ ဥပဒေကြမ်းကော်မတီဝင်တစ်ဦးက ဒါနဲ့ပတ်သက်လို့ ပြန်လည်တင်ပြဖို့ဖြစ်ပါတယ်။

**(ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ အခု ပြည်သူ့လွှတ်တော်ကနေပြီးမှ ပြဋ္ဌာန်းခဲ့တဲ့ဥပဒေ

ကတော့ ကျွန်တော် အခန်း ၁၁၊ ပယ်ဖျက်ရန်ပုဒ်မ (၂၅)၊(၂၆)၊(၂၇)၊(၂၈)၊(၂၉)၊(၃၀) ဖြစ်ပြီး။ အခန်း ၁၂ ကတော့ ပုဒ်မ (၃၁)၊ (၃၂)၊ (၃၃)၊(၃၄) ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အားလုံးပယ်ဖျက်ရန် ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့အတွက် အားလုံးကို စုပေါင်းတင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးတင်ပြပါ။ ရှင်းလင်းတင်ပြပါ။

**(ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသား လွှတ်တော်က အခန်း ၁၁၊ ပုဒ်မ (၂၅)၊(၂၆)၊(၂၇)၊(၂၈)၊(၂၉)၊(၃၀) အခန်း ၁၂၊ ပုဒ်မ (၃၁)၊ (၃၂)၊ (၃၃)၊ (၃၄)နဲ့ ပတ်သက်ပြီးတော့ သူတို့က ပြင်ဆင်ချက်နဲ့အတူ ပြန်လည်ပြီး ဥပဒေရေးဆွဲ ခဲ့ပါတယ်။ သို့သော်လည်းပဲ အမျိုးသားလွှတ်တော်က ပြန်လာတဲ့ ပြင်ဆင်ချက်နဲ့ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကိုသာ အတည်ပြုသင့်ကြောင်း အောက်ပါအချက်အလက်များကို တင်ပြပြီးတော့ ရိုသေစွာတင်ပြအပ်ပါတယ်။ ကျွန်တော်တို့အခန်း ၁၁ နဲ့ အခန်း ၁၂ ကို မူလစတင် စဉ်းစားတဲ့အချိန်က မူလဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးစဉ်ကတည်းက စီမံခန့်ခွဲမှုနည်းလမ်းနဲ့ တရားစီရင်ရေးရာ ရောထွေးနေတဲ့အတွက် တရားစီရင်ရေးဆိုင်ရာကဲ့သို့သော ကိစ္စများပါတဲ့အတွက် ကျွန်တော်တို့က ဒီအခန်း ၁၁ နဲ့ ၁၂ ကိုပယ်ဖျက်ရန် အားလုံးသဘောတူ ခဲ့ပါတယ်။ ဒီလိုသဘောတူတဲ့အတိုင်းပဲ အခုအမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို လက်မခံဘဲနဲ့ ပြည်သူ့လွှတ်တော် ရဲ့မူလအတည်ပြုချက်ကိုသာ လက်ခံသင့်ကြောင်း ရိုသေစွာတင်ပြလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁(က)နဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၇ မှာ ကြည့်မယ်ဆိုလို့ရှိရင် တရားစီရင်ရေးကိစ္စနဲ့ ပတ်သက်ပြီးတော့ ပုဒ်မ ၃၁၇ မှာ ပြည်ထောင်စုတစ်ဝန်းလုံးတွင် တရားစီရင်ရေးဆိုင်ရာကိစ္စအဝဝကို ဖွဲ့စည်းပုံအခြေခံဥပဒေအရဖြစ်စေ၊ အခြားဥပဒေတစ်ရပ်အရ ဖြစ်စေ၊ ဖွဲ့စည်းသည့်တရားရုံးများတွင် ဥပဒေနှင့်အညီခန့်ထားသော တရားသူကြီးများက စီမံ ဆောင်ရွက်ရမည်ဆိုပြီးတော့ ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ တရားစီရင်ရေးနဲ့ အုပ်ချုပ်ရေးရောထွေးနေတယ်လို့ ယူဆခဲ့ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများစီမံတဲ့ ပြစ်ဒဏ်ဖြစ်တဲ့ပြစ်ဒဏ်ကို မြို့နယ်အုပ်ချုပ်ရေးမှူးတွေ၊ ခရိုင်အုပ်ချုပ်ရေးမှူးတွေဆီကို အယူခံခွင့်ရှိတဲ့အတွက်သာ တရားစီရင်ရေးကိစ္စနဲ့ ရောထွေး နေတယ်လို့ယူဆခဲ့ပါတယ်။ သို့သော်လည်း တရားစီရင်ရေးဥပဒေပုဒ်မ ၁၁(က)မှာဆိုလို့ရှိရင် အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတဲ့သုံးခုဟာ တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးရမယ်။ အပြန်အလှန်ထိန်းညှိရမယ်ဆိုတဲ့ အချက်ပါရှိပါတယ်။

အဲ့ဒီအချက်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ အပြန်အလှန်ထိန်းညှိတဲ့အနေနဲ့ အုပ်ချုပ်ရေးဆိုင်ရာမှာ ဒီအမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဟာ အုပ်ချုပ်ရေးဆိုင်ရာမှာ စီမံခန့်ခွဲမှုအရ ပြုလုပ်တယ်လို့ယူဆမယ်ဆိုလည်း ယူဆနိုင်တဲ့အတွက် လွှတ်တော်ကသာ အဆုံးအဖြတ်ပေးပါမည့်အကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကဲ နာမည်နဲ့ခေါ်ပြောမယ်။ ဥပဒေကြမ်းကော်မတီက ဦးအောင်မြသန်း၊ ညောင်တုန်းမဲဆန္ဒနယ်က ဒါကိုဆက်လက်ဆွေးနွေးပါ။

**ဦးအောင်မြသန်း(ညောင်တုန်းမဲဆန္ဒနယ်၊ အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဥပဒေရဲ့အခန်း ၁၁ မှာ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း၊ အခန်း ၁၂ မှာ အယူခံခြင်းနဲ့ ပြင်ဆင်ခြင်းဆိုပြီးတော့ ကျွန်တော်တို့အခန်းနှစ်ရပ်မှာ ကျွန်တော်တို့ ဥပဒေကြမ်းက ဒါကို ကျွန်တော်တို့ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီညွတ်တဲ့အတွက် ဥပဒေကြမ်းရဲ့ ဆုံးဖြတ်ချက်အတိုင်း လွှတ်တော်ကို တင်ပြတဲ့အခါမှာ လွှတ်တော်က အတည်ပြုပြီးဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့အတိုချုပ်ပြောရရင် ကျွန်တော်တို့နိုင်ငံတော်သမ္မတကြီးရဲ့ ကောင်းမွန်တဲ့ အစိုးရ၊ သန့်ရှင်းသောအစိုးရ ဒီမူနှစ်ရပ်ကိုချမှတ်ပြီးတော့ နိုင်ငံတော်အုပ်ချုပ်တဲ့နေရာမှာ အခြေခံကျတဲ့ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ရပ်ကွက်နဲ့ ကျေးရွာရဲ့ အစိုးရများဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သန့်ရှင်းဖို့အတွက် တရားစီရင်ရေးနှင့် စီမံခန့်ခွဲရေးနည်းလမ်းအရ ခွဲခြားသွားဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒီလိုမခွဲခြားဘူးဆိုလို့ရှိရင် ကျွန်တော်တို့ သန့်ရှင်းတဲ့အစိုးရလို့ဆိုတဲ့နေရာမှာ လည်းပဲ ကျွန်တော်တို့ ယုတ်လျော့သွားစေနိုင်တဲ့အတွက် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက လွှတ်တော်ကို အတည်ပြုပြီးတော့ အခန်း ၁၁ နဲ့ အခန်း ၁၂ ကို သူတို့ပယ်ဖျက်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီမှာ တရားစီရင်ရေးမှာဆိုလို့ရှိရင် မြို့နယ်တရားရုံးက ဆုံးဖြတ်တဲ့အမိန့်ကို မကျေနပ်လို့ရှိရင် မကျေနပ်သူက ခရိုင်တရားရုံးကို အယူခံမှုပြင်ဆင်မှုတင်ရတာ ရှိပါတယ်။ ခရိုင်တရားရုံးရဲ့အမိန့်ကိုလည်းပဲ မကျေနပ်သူက တိုင်းတရားရုံးကို အယူခံမှုပြင်ဆင်မှု တင်ရတာရှိပါတယ်။ ဒါကြောင့်မို့လို့ အခန်း ၁၁ နဲ့ အခန်း ၁၂ က တရားစီရင်ရေးရဲ့ ဥပဒေများလွှမ်းနေတဲ့အတွက် ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မနဲ့ ညီညွတ်မှုမရှိကြောင်းဖြစ်တဲ့အတွက် သန့်ရှင်းသော အစိုးရဖြစ်ဖို့အတွက် ဒီအခန်းနှစ်ခုကို ပယ်ဖျက်ရခြင်းဖြစ်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ ပယ်ဖျက်တဲ့အတိုင်းပဲ အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားရမည်ဆိုတဲ့အခြေခံမူအပေါ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီညွတ်တဲ့ကိစ္စများကိုသိလျက်နဲ့ မျက်ကွယ်ပြုတယ်ဆိုရင်မိမိတို့မှာ

တာဝန်များရှိလာမှာ၊ ပိလာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကို ကန့်ကွက် လိုသူရှိက မတ်တတ်ရပ်ပေးပါရန် ပန်ကြားပါတယ်။ ကြားနေရန်ရှိက မတ်တတ်ရပ်ပေးပါ။ မိုက်ပေးပါ။

**( )**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တစ်ခုတင်ပြပါရစေ။ ဒီနေ့ ယခုပယ်ဖျက်မယ့် ဥပဒေဟာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများရဲ့ စီမံခန့်ခွဲမှုကိုပဲ ဖြစ်ပါတယ်။ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တရားစီရင်မှာဖြစ်တဲ့အတွက် ဖြစ်ပါတယ်။ အဲဒီမှာတကယ်လို့ ပုဒ်မ ၁၇အရ ၊ ပုဒ်မ ၁၇ ဆိုတာ ဧည့်စာရင်းမတိုင်တဲ့ကိစ္စ၊ ပုဒ်မ ၁၈ ကအသံချဲ့စက်ဖွင့်တဲ့ကိစ္စ၊ ပုဒ်မ ၁၉ ဘိလိယက်ခုံစတဲ့ကိစ္စများကို ပေါ်ပေါက်လာတဲ့အခါမှာ အဲဒါကို ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများက ဒဏ်ငွေသတ်မှတ်ပြီးတော့ဆောင်ရွက်ရမှာဖြစ်ပါတယ်။ တစ်ကယ်လို့ အခုလို ပယ်ဖျက်လိုက်တဲ့အခါမှာ ဒီလိုကိစ္စမျိုးတွေပေါ်လာတဲ့အခါမှာ ကျွန်တော်တို့ဖွဲ့စည်းပုံအခြေခံဥပဒေမှာ မြို့နယ်တရားရုံးဟာ မူလတရားရုံးဖြစ်တဲ့အတွက် အဲ့ဒီပြဿနာဖြစ်နေတဲ့ ကျေးရွာက ကျေးရွာသူ၊ ရွာသားများမှာ သူတို့တရားဆိုင်ဖို့အတွက် မြို့နယ်ကိုသွားရမှာဖြစ်ပါတယ်။ ဆိုလိုတာက ဒီလောက် သေးဖွဲတဲ့ကိစ္စမျိုးကို ကျွန်တော်တို့ရပ်ကျေးမှာ စီရင်ခွင့်၊ စီမံခန့်ခွဲခွင့်ပေးသင့်ပါတယ်။ ဒါက ရပ်ကွက် ကျေးရွာရဲ့ အုပ်ချုပ်ရေးမှူးကို ကန့်သတ်လိုက်ပေမယ့် တောရွာမှာနေတဲ့ ပြည်သူတွေအတွက် တရားရုံးကို သွားရမယ့် ဒုက္ခဟာတော်တော်ကြီးပါတယ်။ သူတို့သွားရေး၊ လာရေး၊ ငွေရေးအခက်အခဲ မြို့နယ်မှာရှိတဲ့ တရားရုံးမှာရင်ဆိုင်ရမယ့် ဒုက္ခတွေဟာ အများကြီးဖြစ်မှာမို့လို့ ဒီအတွက်တော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက စဉ်းစားပေးပါရန် ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော်ပန်ကြားအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ခဏ၊ ခဏ၊ခဏ ကျွန်တော်မေးခွန်းတစ်ခု မေးမယ်။ ခုနက ဦးစတီဖန်ဆိုရင် ဘယ်ပုဒ်မကိုညွှန်းတာလည်း။ နိုင်ငံတော်တစ်ဝန်းလုံးမှာ ၃၁၇ ဒီနေ့ကျွန်တော်တို့လုပ်ငန်းအားလုံးကို တိုင်းတာရမှာတော့ ဒီစာအုပ်အစိမ်းပဲ ဖြစ်ပါတယ်။ စာမျက်နှာ ၁၄၁ စာအုပ်ပါရင် ဖွင့်ကြည့်ကြပါ။ ပုဒ်မ ၃၁၇ ပြည်ထောင်စုတစ်ဝန်းလုံးတွင် တရားစီရင်ရေးဆိုင်ရာကိစ္စအဝဝကို ဖွဲ့စည်းပုံအခြေခံ ဥပဒေအရဖြစ်စေ၊ အခြားဥပဒေတစ်ရပ်ကဖြစ်စေ ဖွဲ့စည်းသည့်တရားရုံးတွင် ဥပဒေနဲ့အညီခန့်ထား သော တရားသူကြီးများက စီမံဆောင်ရွက်ရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရဖြစ်စေ၊ အခြားဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ ခန့်အပ်ထားခြင်း၊ စီရင်ပိုင်ခွင့်အပ်နှင်းခြင်း၊ တာဝန်များ၊ လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းစသဖြင့် ဒီမှာဖော်ပြထားပါတယ်။ ဒါကိုလည်း အလေးထားကြည့်ဖို့ လိုပါတယ်။ ဦးသိန်းညွန့်ဆက်ဆွေးနွေးပါ။

**ဦးသိန်းညွန့်(သယ်ဇ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့ အရင်းခံကြည့်ရမှာကတော့ အခြေခံနိုင်ငံတော်ရဲ့ အခြေခံမူပါ။ အဲဒီတော့ ခုနက ဦးအေးမြင့်တင်ပြတဲ့ လက်တွေ့အခက်အခဲမျိုးဟာလည်း အမှန်တကယ် ပေါ်ပေါက်လာပါတယ်။ တစ်ကြိမ်တည်းမှာ ကျွန်တော်တို့က အခြေခံဥပဒေကို ထိန်းကျောင်းရမယ့် တာဝန်လည်းရှိပါတယ်။ အဲဒီတော့ အခြေခံမူများအပိုဒ် ၁၁(က)ကို ဖတ်ကြည့်လိုက်လို့ရှိရင် နိုင်ငံတော်၏ အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှဆိုတဲ့ စကားသုံးထားပါတယ်။ ပိုင်းခြားသုံးစွဲခြင်းနဲ့ အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းပြုသည်။ ဒါပေမယ့် တတ်နိုင်သမျှဆိုတဲ့ အချက်အပေါ်မှာကိုတော့ ပြည်သူလူထုလည်းအဆင်ပြေအောင်၊ အခြေခံဥပဒေဘောင်အတွင်းလည်းဖြစ်အောင်၊ လက်တွေ့လည်းကျအောင်၊ တရားနည်းလမ်းတကျလည်းဖြစ်အောင် နည်းနည်းလေး လေးလေးနက်နက် စဉ်းစားသင့်တယ်လို့ ကျွန်တော် ထင်မြင်ပါတယ်။ အဲဒါလေး ကျွန်တော် ဆွေးနွေးတာပါ။ (သြဘာသံများ)

**ဦးသိန်းညွန့်(သယ်ဇ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ မရှင်းရင်ကျွန်တော်ထပ်ပြောပါမယ်။ ကျွန်တော် ခုနကတော့ ပညာရှင်ဆန်ဆန် ပြောတာပေါ့။ အဲတော့အရပ်သားစကားပဲကျွန်တော်ပြောပါမယ်။ ခုနကဦးဝင်းမြင့်တင်ပြတဲ့အချက်က တကယ်ပေါ်ပေါက်နိုင်ပါတယ်။ အခြေခံဥပဒေမှာလည်း လုံးဝ ပိုင်းခြားထားရမယ်ဆိုပြီးတော့ ၏၊ သည် မရွေ့သေချာမရေးထားဘူး။ လက်တွေ့ကြုံတဲ့အခါမှာ အခြေခံမူများမှာ အလုပ်လုပ်လို့ရအောင် တတ်နိုင်သမျှပိုင်းခြားသုံးစွဲခြင်းလို့သုံးထားပါတယ်။ တတ်နိုင်သမျှဆိုတဲ့ အချက်ပေါ်မှာမူတည်ပြီးတော့ ခုနကလူထုရဲ့ အခြေအနေရော၊ အခြေခံဥပဒေဘောင်အတွင်းလည်းကျအောင်ကော ဆောင်ရွက်နိုင်မယ့် နည်းလမ်းများကိုတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ပြန်ပြီးတော့ စဉ်းစားသင့်တယ်လို့ ကျွန်တော်ထင်မြင်ပါတယ်။

**ဦး ( )**။ ။ ဟုတ်ကဲ့ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်ကြီး ဦးဝင်းမြင့်တင်ပြတဲ့ အချက်ကို အနည်းငယ်ထပ်ပြီးတော့ ဆွေးနွေးပါရစေ။ ဦးဝင်းမြင့်က ဘယ်သူ့ကိုကိုယ်ချင်းစာတရားနဲ့ တင်ပြသလဲဆိုရင် ကျွန်တော်တို့ ကျေးလက်နေတောင်သူလယ်သမားများကို ကိုယ်ချင်းစာတရားနဲ့ တင်ပြတာဖြစ်ပါတယ်။ သို့သော်လည်းပဲ ဧည့်စာရင်းမတိုင်တဲ့နိုင်ငံသားတစ်ယောက်ဟာ ဥပဒေအရ သူက အပြစ်ပေးခံရမှာဖြစ်ပါတယ်။ တကယ်လို့သာ ကျွန်တော်တို့က ဒီတရားစီရင်ရေးအာဏာကို ရောထွေးပြီးတော့ ခွင့်ပြုလိုက်မယ်ဆိုရင် လွယ်လွယ်ဒဏ်ဆောင်လို့ရတဲ့အတွက် ဥပဒေကို လွယ်လွယ် ဖောက်ဖျက်ကျပါလိမ့်မယ်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးမယ်လို့ဆိုခြင်းဟာ တတ်နိုင်သမျှ၊ ဖြစ်နိုင်သမျှထိအောင် ကျွန်တော်တို့ ကျင့်သုံးရမှာ ဖြစ်ပါတယ်။ တတ်နိုင်

သမျှဆိုတဲ့စကားလေး ရှိတဲ့အတွက်ကြောင့်မို့လို့ တရားစီရင်ရေးကိုလည်း ခွဲပေးလိုက်ရင် ရတာပဲ။ အုပ်ချုပ်ရေးဘက်ကို တရားစီရင်တဲ့အာဏာလေးကို နည်းနည်းလေးတော့ ပေးလို့ရတာပဲ။ ငါကတော့ ဒဏ်ရိုက်ခွင့်ပေးလို့ရတယ်လို့ အဓိပ္ပါယ်မျိုးကောက်ယူဖို့ရာမသင့်ပါဘူး။ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ကျွန်တော်တို့ကောက်ယူတဲ့အခါမှာ ပြတ်ပြတ်သားသားကောက်ယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် မူလ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုပြဋ္ဌာန်းထားချက်အတိုင်းပဲ ဆုံးဖြတ်အတည်ပြု သင့်တယ်လို့ ထင်မြင်ကြောင်း အကြံပြုအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဦး ( )**။ ။ ကျွန်တော် မိုက်ရတဲ့အတွက် အရင်ပြောခွင့်ပြုပါခင်ဗျား။ ဦးဝင်းမြင့် တင်ပြသွားတဲ့ကိစ္စက ကျွန်တော်တို့ ကျေးလက်နေလူထုအတွက် အဓိကထားစဉ်းစားတာကို ကျေးဇူး တင်ပါတယ်။ ကျွန်တော်တို့မြို့နယ်မျိုးဆိုရင် ကျေးလက်နေပြည်သူအများစုဖြစ်ပါတယ်။ တရားရုံးတွေ နဲ့လည်း အလှမ်းဝေးပါတယ်။ သို့သော် ဒါကိုငဲ့ဖို့ဆိုရင် ကျွန်တော်က Data တစ်ခုကိုပဲ လွှတ်တော် ကိုယ်စားလှယ်များစဉ်းစားနိုင်ဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့်တင်ပြခွင့်ပြုပါ။ အသံချဲ့စက်ကို ဖောက်ဖျက်မယ့် ရာခိုင်နှုန်းဟာ အဲဒီကျေးရွာအုပ်စုတစ်ခုလုံးရဲ့ ဘယ်နှစ်ရာခိုင်နှုန်းပဲဖြစ်မှာပါလဲ။ လူတစ်သောင်းရှိတဲ့ ရပ်ကွက် သို့မဟုတ်ရင် ကျေးရွာမှာ အသံချဲ့စက်ဖွင့်လို့ ဖောက်ဖျက်မယ့်လူက ငါးထောင်လောက် နေ့တိုင်း၊ အပတ်တိုင်းဖြစ်နေမှာလား။ ဘိလိယက်ခုံပြဿနာတက်နေတဲ့လူဦးရေက လူတစ်သောင်းမှာ ဘယ်လောက်ဖြစ်နေမှာမို့လို့ ဘိလိယက်ခုံကိစ္စကို ကျွန်တော်တို့က တရားရုံးသွားတာဝေးမှာမို့လို့ ငဲ့ညှာရမှာလဲ။ ဧည့်စာရင်းတိုင်တာ တစ်သောင်းလောက်ရှိတဲ့မြို့မှာ အပတ်တိုင်း၊ နေ့တိုင်းမှာ ဧည့်စာရင်းတိုင်နေရတဲ့လူ ငါးထောင်လောက်ထိဖြစ်နေမှာမို့လို့ ငဲ့ရမှာလား။ ဒီလိုမျိုး Data နဲ့စဉ်းစား မယ်ဆိုရင် အဖြေပိုထွက်ဖို့လွယ်မယ်လို့ယူဆပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကဲဆွေးနွေးတာလက်မခံတော့ဘူး။ လုံလောက်ပြီ။ မဲခွဲဖို့ပဲရှိတော့တယ်။ မဲလည်း ခုနကတော့ ခွဲပြီးသွားပြီ။ ဒါပေမယ့် ခုနက ဦးစတီဖန်တင်ပြတဲ့ပုဒ်မကို မူလကျွန်တော်တို့ သတိမထားမိဘူး။ အခုတင်ပြလိုက်တဲ့အခါမှာစာမျက်နှာ ၁၄၁ ၊ ပုဒ်မ ၃၁၇ ပြည်ထောင်စုတစ်ဝန်းလုံး တွင် တရားစီရင်ရေးဆိုင်ရာကိစ္စအဝဝကို ဖွဲ့စည်းပုံအခြေခံဥပဒေအရဖြစ်စေ၊ အခြားဥပဒေ တစ်ရပ်ရပ်ဖြစ်စေ ဖွဲ့စည်းသည့်တရားရုံးများတွင် တရားဥပဒေနှင့်အညီ ခန့်ထားသော တရားသူကြီး များက စီမံဆောင်ရွက်ရမည်ဆိုတော့ ရှင်းနေပါတယ်။ တရားရေးနဲ့ဆိုင်တဲ့ကိစ္စများကို ဥပဒေနဲ့အညီ ခန့်ထားသော တရားသူကြီးများကသာ စီမံဆောင်ရွက်ရမည်ဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်ကို ဥပဒေကြမ်းကော်မတီက တင်ပြတဲ့ပေါ်မူတည်ပြီးတော့ အတည်ပြုကြောင်းထပ်မံကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထို့အတူ ခုနကသက်ဆိုင်တဲ့ ဦးစတီဖန်တင်ပြသွားတဲ့ သက်ဆိုင်တဲ့ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂ များကလည်း ခုနက တင်ပြချက်အတိုင်းဖြစ်တဲ့အတွက် အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကဲကြေညာပြီးတဲ့အခါမှာ ထပ်ပြီးတော့ ဒီကိစ္စကိုအနည်းအကျဉ်းရှင်းပါမယ်။ အခုလိုပြဋ္ဌာန်းလိုက်တဲ့ အတည်ပြုလိုက်တာပေါ်မူတည်ပြီးတော့ ခုနက စိုးရိမ်စိတ်တွေ ရှိတဲ့အတိုင်းပဲ နောက်ဆက်တွဲပြဿနာတွေရှိကောင်းရှိလာနိုင်ပါတယ်။ ရှိတဲ့အပေါ်မူတည်ပြီးတော့ အခြေအနေပေါ် မူတည်ပြီးတော့ လက်ငင်းဖြစ်ပေါ်နေတဲ့လိုအပ်ချက်အရ ဥပဒေများပြန်လည်ပြဋ္ဌာန်းလို့ရပါတယ်။ အဲဒီဟာတွေကို ကြိုတင်ပြီးတော့၊ စိုးရိမ်ပြီးတော့ ပြဋ္ဌာန်းသင့်တဲ့ဟာ မပြဋ္ဌာန်းဘူးဆိုလို့ရှိရင် မိမိတို့ အလုပ်မဖြစ်ဘူးဆိုတာတော့သိဖို့လိုပါတယ်။ အမှတ်စဥ် ၅၇ ဦးစတီလ်ဖန် ဖတ်ပြပါ။ ခုနကပြီးသွားပြီ။ ခုနက ဦးစတီလ်ဖန်တင်ပြတာ အဲဒီ ၅၇၊ အခန်း ၁၃၊ ပုဒ်မ ၃၅ ပါသွားပြီလား။ ပါပြီးသွားပြီလား။

**ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)**။ ။ အခန်း ၁၃၊ ပုဒ်မ ၃၅ ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်က မည်သူမဆို ပုဒ်မ ၂၀ ပါ တာဝန်ကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၃၀၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ၊ သက်ဆိုင်ရာတရားရုံးက ချမှတ်ရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကတော့ မည်သူမဆိုပုဒ်မ ၂၁ ပါ တာဝန်ကို ဆောင်ရွက်ရန်ပျက်ကွက်လျှင် ထိုသူအားတစ်လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၃၀၀၀၀ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကို ဖြစ်စေ ကျခံစေရမည်ဟု ပြဋ္ဌာန်းထားပါသည်။

**ဥက္ကဋ္ဌ**။ ။ ဒါကိုပဲ ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ထားရှိရန်ဆိုပြီးတော့ ဖော်ပြထားပါတယ်။ ဒါကိုရှင်းလင်းပေးပါ။ ဘာ့ကြောင့်လည်း

**ဦးစောလှထွန်း(ချောင်းဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီနေရာမှာ မူလပြဋ္ဌာန်းချက်က သက်ဆိုင်ရာတရားသူကြီးက ချမှတ်ရမည်လို့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒီအပေါ်မှာ ဒီအမှုကိုစီရင်တဲ့အခါမှာ တရားရုံးကပဲစီရင်ဆုံးဖြတ်ရမှာ ဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်က သက်ဆိုင်ရာတရားရုံးက စီရင်ဆုံးဖြတ်ရမယ်လို့ အတည်ပြုပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။ အခု အမျိုးသားလွှတ်တော်က သက်ဆိုင်ရာတရားရုံးကဆိုတာကို ဖျက်ပြီးတော့မှ သူက ပယ်ဖျက်ထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ပတ်သက်လို့ ကျေးရွာ၊ ရပ်ကွက်တွေမှာရှိကြတဲ့ အချို့ဒေသတွေမှာရှိတဲ့ လုပ်သားပြည်သူတွေဟာ ဥပဒေကို နားမလည်တဲ့အပေါ်မှာ အခွင့်ကောင်းယူပြီးတော့မှ ကျေးရွာအုပ်ချုပ်ရေးမှူးတွေက ဒါသူတို့ရဲ့

လုပ်ပိုင်ခွင့်ပဲလို့ဆိုပြီး ချမှတ်နိုင်တဲ့အလားအလာရှိတဲ့အတွက် ဥပဒေမှာရှင်းလင်းပြတ်သားလွယ်ကူဖို့ အတွက် သက်ဆိုင်ရာတရားရုံးလို့ ထည့်ခြင်းက ပိုပြီးတော့ ပီပြင်ပြတ်သားတယ်လို့ ယူဆတဲ့အတွက် တင်သွင်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့လွှတ်တော်ရဲ့ တင်ပြချက်အဆိုကို ကန့်ကွက်မယ့်လူရှိက မတ်တတ်ရပ်ပေးပါ။ ကြားနေမယ့်သူရှိက မတ်တတ်ရပ်ပေးပါ။ ကန့်ကွက်သူ၊ ကြားနေသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစတီလ်ဖန် ဆက်ပြီးတော့ နောက်အပိုဒ်ကိုဖတ်ပါ။

**ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)**။ ။ အခန်း ၁၃ ၊ ပုဒ်မ ၃၆ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် မည်သူမဆိုပုဒ်မ ၂၁ ပါတာဝန်ကိုဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ၆ လထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅၀၀၀၀ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ၊ သက်ဆိုင်ရာတရားရုံးက ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကတော့ မည်သူမဆိုပုဒ်မ ၂၂ ပါတာဝန်ကိုဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူအား ၆ လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅၀၀၀၀ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ၊ ကျခံစေရမည်ဟု ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကဲဒါကြောင့် ဘာကြောင့် ပြည်သူ့လွှတ်တော်ရဲ့အဆိုဟာ အတည်ဖြစ်သလဲဆိုတာ တစ်ယောက်ထပြီးတော့ ရှင်းလင်းတင်ပြပါ။

**ဦး ( )**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအပိုဒ်ဟာလည်းပဲ ခုနက လွှတ်တော် ကအတည်ပြုထားပြီးသားအပိုဒ်ဖြစ်တဲ့အတွက် နဂိုမူလ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့အတိုင်း သက်ဆိုင်ရာတရားရုံးကလို့ထည့်ခြင်းဟာ ပိုမိုဆီလျော်တဲ့အတွက် တင်သွင်းရခြင်း ဖြစ်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကို ကန့်ကွက်မယ့်သူရှိက မတ်တတ်ရပ်ပေးပါ။ ကြားနေရန်ရှိက မတ်တတ်ရပ်ပေးပါ။ ကြားနေ၊ ကန့်ကွက်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နောက်တစ်ပိုဒ် ဦးစတီလ်ဖန်ဆက်ဖတ်ပါ။

**ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)**။ ။ အစဥ် ၅၉ မှာ အခန်း ၁၃ နဲ့ပတ်သက်ပြီးတော့ မူလ ဝန်ကြီးဌာနရဲ့အဆိုပြုချက်မရှိပါဘူး။ သို့သော်လည်းပဲ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်ကတော့

ပုဒ်မ ၂၇ မည်သူမဆို ပုဒ်မ ၁၇၊ ၁၈၊ ၁၉ ပါတာဝန်ကိုဆောင်ရွက်ရန်ပျက်ကွက်လျှင် ထိုသူကို ကျပ် ၅၀၀၀ ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ငွေဒဏ်ပေးဆောင်ရန်ပျက်ကွက်ပါက ၇ ရက်ထက် မပိုသော ထောင်ဒဏ်ကျခံစေရန် သက်ဆိုင်ရာတရားရုံးက ချမှတ်ရမည်ဟူ၍ ပြဋ္ဌာန်းပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကတော့ ပုဒ်မ ၃၆ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား ပုဒ်မ ၁၅ ၊ ပုဒ်မခွဲ(ခ)ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ချမှတ်သည့်စီမံခန့်ခွဲရေး ဆိုင်ရာပြစ်ဒဏ်အပြင် တရားစွဲဆိုရန်လိုအပ်ပါက ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရ ဖြစ်စေ၊ ခရိုင်အုပ်ချုပ်ရေးမှူး၏သဘောတူညီချက်ဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးက သက်ဆိုင်ရာဥပဒေ နဲ့အညီ တရားစွဲအရေးယူနိုင်သည်ဆိုပြီးတော့ ပြဋ္ဌာန်းခဲ့ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်ဒါနဲ့ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီက အကျိုးအကြောင်းဖော်ပြ ရှင်းလင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦး ( )**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပုဒ်မဟာ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ပုဒ်မ ၂၇ ဟာ စီမံခန့်ခွဲရေးနည်းလမ်းအရ အဲဒီပုဒ်မတွေကို ပယ်ဖျက်လို့ရှိရင် အဲဒီပုဒ်မတွေမှာ ကျူးလွန်ခဲ့တဲ့ ၁၇၊၁၈၊၁၉ နဲ့ပတ်သက်တဲ့ ပြစ်မှုကျူးလွန်သူများကို ဒီပုဒ်မအရ တရားရုံးကပြစ်ဒဏ်ချမှတ်ဖို့ ပေးထားခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အထက်မှာ စီမံခန့်ခွဲရေးအာဏာတွေကို ပယ်ဖျက်လိုက်ပြီးဖြစ်တဲ့အတွက် ဒီပုဒ်မ ၁၇၊၁၈၊၁၉ ကျူးလွန်သူများအား သက်ဆိုင်ရာတရားရုံးမှာ တရားစွဲတင်ပြီးတော့မှ အရေးယူနိုင်ဖို့အတွက် သတ်မှတ်ထားတဲ့ပြဋ္ဌာန်းချက် ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒီအထဲမှာပါတဲ့ ပုဒ်မ ၃၆ ကတော့ အကယ်၍ အမျိုးသားလွှတ်တော်က သူတို့အတည်ပြုထားတဲ့အတိုင်း စီမံခန့်ခွဲရေးနည်းလမ်းကို အတည်ဖြစ်ခဲ့မယ်ဆိုရင် ဒီပုဒ်မကို ပယ်ဖျက်လိုက်ပြီးတော့မှ အပိုဒ်အသစ်ထည့်ထားခြင်းဖြစ်တယ်လို့ယူဆရပါတယ်။ ဘာ့ကြောင့်လည်း ဆိုရင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ဂ)ပါ အကြောင်း တစ်ရပ်ရပ်ကြောင့် ချမှတ်သည့်စီမံခန့်ခွဲရေး ပြစ်ဒဏ်များအပြင် တရားစွဲဆိုရန်လိုအပ်ပါက ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရ ဖြစ်စေ၊ ခရိုင်အုပ်ချုပ်ရေးမှူး၏သဘောတူညီချက်ဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးက သက်ဆိုင်ရာဥပဒေများနဲ့အညီ တရားစွဲအရေးယူနိုင်သည်ဆိုတဲ့အပိုဒ်ဟာ သက်ဆိုင်ရာ ရပ်ကွက် ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေက ပြဋ္ဌာန်းထားတဲ့ပုဒ်မ ၁၅(ခ)ကို ကျူးလွန်လို့ ရှိရင် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား အရေးယူနိုင်တဲ့ပုဒ်မဖြစ်ကြောင်း သိရှိရ ပါတယ်။ ဒီပုဒ်မကိုတော့ဖြင့် လွှတ်တော်က ထည့်သင့်၊ မထည့်သင့် စဉ်းစားရန် ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သိပ်မရှင်းပါဘူး။ ဥပဒေကြမ်းကော်မတီက ထပ်မံရှင်းလင်းတင်ပြဖို့ဖြစ်ပါတယ်။

**ဦး( )**လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့စောစောက ဥပဒေကြမ်းကတင်ပြသွားတဲ့ ပုဒ်မ ၁၇၊ ၁၈၊ ၁၉ ပါတာဝန်ကို ထမ်းဆောင်ရန်ပျက်ကွက်ရင် ကျွန်တော်တို့သူ့ကို ပျက်ကွက်တဲ့အတိုင်း အရေးယူရန်လိုအပ်မှာဖြစ်ပါတယ်။ လိုအပ်တဲ့အတိုင်းအရေးယူနိုင်ဖို့အတွက် တရားရုံးမှာ မည်ကဲ့သို့ အရေးယူသင့်တယ်ဆိုတဲ့ငွေဒဏ်နဲ့ထောင်ဒဏ်ကို ဒီမှာကျွန်တော်တို့သတ်မှတ်ပြဋ္ဌာန်းပေးထားပါတယ်။ ထိုသူကို ကျပ် ၅၀၀၀ထက်မပိုသောငွေဒဏ်ချမှတ်ရမည်။ ၅၀၀၀ထက်မပိုသောငွေဒဏ်ချမှတ်ရမည် ဆိုတဲ့သဘောကတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးဟာ စီမံခန့်ခွဲရေးနည်းအရ သူ့မှာ စီမံပိုင်ခွင့်မရှိသော်လည်း တရားရုံးကနေ ၅၀၀၀ ပေးဆောင်မှုချမှတ်တဲ့အပေါ်မှာ တကယ်လို့များ ၅၀၀၀ ပေးဆောင်ရန် ပျက်ကွက်ငြင်းဆိုနေတဲ့သူများ ပေါ်ပေါက်လာပါက မပေးဆောင်ရင် ထောင်ဒဏ်ကျခံနိုင်စေရန်ဆိုပြီးတော့ ထပ်မံဖြည့်စွက်ပြီးတော့ ထည့်သွင်းပြဋ္ဌာန်းပေးခြင်း ဖြစ်ပါတယ်။ အထက်အပိုဒ်များကို ပယ်ဖျက်ပြီးရင်တော့ ဒီအထက်အပိုဒ်များဟာ လိုအပ်မှာဖြစ်တယ်လို့ယူဆတဲ့ အတွက် ဥပဒေကြမ်းကော်မတီအနေနဲ့ တင်ပြခဲ့တဲ့အပေါ်မှာ ပြည်သူ့လွှတ်တော်က အတည်ပြု ထားခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ကောင်းပြီ။ ဒီလိုဆိုရင်အပေါ်ကနေပြီးတော့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် တွေကြောင့် ပျက်ပြယ်သွားမယ့်အောက်ဘက်က ဆက်လက်ပြီးတွေ့ရှိမယ့် ဒီအခန်းများ၊ ပုဒ်မ များကိုလည်း တစ်ခါတည်း တင်ပြဆောင်ရွက်ဖို့လိုပါမယ်။ အချိန်မလိုအပ်ဘဲနဲ့ ကုန်မှာစိုးလို့ပါ။ ရှင်းလားမသိဘူး။ သဘောကတော့ ခုနက ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေဟာ တရားစီရင်ရေးအာဏာ သုံးပိုင်ခွင့်မရှိဘူး။ ဒါကြောင့်မို့လို့ အဲဒီဟာတွေကို ဖြုတ်လိုက်တယ်။ ဒါဖြုတ်လိုက်ပြီးဖြစ်တဲ့အတွက် အဲဒါနဲ့ဆက်စပ်ပြီးတော့ ပြုတ်သွားမယ့်ကိစ္စတွေဟာ ဘယ်ပုဒ်မတွေ ရှိလဲ။ တစ်ခါတည်းတင်ပြပါ။

**ဦး( )**။ ။ အဲဒီပုဒ်မ ၁၇၊ ၁၈၊ ၁၉ အတွက်ကို ကျွန်တော်တို့က ပုဒ်မ ၂၇ ဆိုပြီးတော့ ပြဋ္ဌာန်းပေးထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဟုတ်ပြီ။ ဒါကြောင့် ဒီပုဒ်မအသစ်ထည့်ခြင်း၊ အသစ်ထည့်ခြင်းဟာ ပြည်သူ့လွှတ်တော် ရဲ့ အတည်ပြုချက်ပုဒ်မ ၂၇ ။ အဲဒါအတည်ဖြစ်မယ်။ ကဲအောက်ကိုဆက်သွားမယ်။ အမှတ်စဉ် ၆၀၊ အခန်း ၁၄ ချီးမြှင့်ထောက်ပံ့ငွေ။ ခုနက အပေါ်ကဥပဒေကြမ်းကော်မတီက ပြန်လည်တင်ပြတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အပေါ်မှာ ရပြီးသွားပြီဖြစ်တဲ့ အောက်မှာကော တစ်ဆက် တစ်စပ်တည်း အကျုံးဝင်သွားမယ့် ဥပဒေတွေရှိလား။

**ဦး( )** ။ ။ ဒီအခန်းအတွက်ကတော့ ကျွန်တော်တို့ လုံလောက်ပါတယ်ခင်ဗျား။ ဥပမာ ၆၁၊ အခန်း ၁၅ မှာ ကျွန်တော်တို့ အစဉ်အတိုင်းဆိုရင်တော့ အခန်း ၁၃ ၊ ရုံးသုံးစရိတ်များဆိုတဲ့အခန်းကို

**ဥက္ကဋ္ဌ**။ ။ ဒီမှာကျော်မသွားနဲ့။ အမှတ်စဥ်လိုက် အစဥ်လိုက်ဖော်ပြ။

**ဥက္ကဋ္ဌ**။ ။ ဒီမှာ ကျော်မသွားနဲ့အမှတ်စဉ်အတိုင်းတစ်ခါတည်းဖော်ပြ၊ အမှတ်စဉ် ၆၀၊ ဒါနဲ့ ပတ်သက်လို့ရှေ့ကနဲ့အကျုံးဝင်သွားပါပြီ။ ၆၁ အကျုံးဝင်သွားပါပြီ။ ဒီမှာဥပဒေကြမ်းကော်မတီ ဆိုပြီး၊ တန်းစီပြီးရေးထားလို့

**ဦး ( )**။ ။ ၆၀ ချိုးမြှင့်ထောက်ပံ့ငွေ ဖြစ်ပါတယ်ခင်ဗျား။

**( )**။ ။ပုဒ်မ ၂၈

**ဦး ( )**။ ။ ရှင်းလင်းခွင့်ပြုပါ။ အစောတုန်းကတင်ပြထားတဲ့ ပုဒ်မ ၃၆ ဟာဆိုလို့ရှိရင် အုပ်ချုပ်ရေးမှူးက အရေးယူဆောင်ရွက်ရတဲ့ ပုဒ်မပဲဖြစ်ပါတယ်။ မူလပြဋ္ဌာန်းထားတဲ့ ၁၇၊ ၁၈၊ ၁၉ ဟာကျွန်တော်တို့အုပ်ချုပ်ရေးမှူးက စီမံခန့်ခွဲရေးအရ ပြစ်ဒဏ်နဲ့အရေးယူဖို့ ရှိမယ်ဆိုလို့ရှိရင် တရားရုံးကိုအရေးယူဆောင်ရွက်ဖို့ သူကအကြောင်းကြားရမှာ ဖြစ်ပါတယ်။ အခုပြဋ္ဌာန်းထားတဲ့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကတော့ အုပ်ချုပ်ရေးမှူးဟာ အခန်း ၅ ပါလိုက်နာ စောင့်ထိန်း ရမယ့် ကျင့်ဝတ်တစ်ရပ်ရပ်ကို ဖောက်ဖျက်လို့ သူ့ကိုအရေးယူ ဆောင်ရွက်မယ်ဆိုလို့ရှိရင် ဘယ်လို ဆောင်ရွက်ရမလဲဆိုတာကို အမျိုးသားလွှတ်တော်က ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ အဲဒီတော့ ဒီဟာတော့ လိုမလိုဆိုတာလည်း လွှတ်တော်မှာပဲ အဆုံးအဖြတ်ရယူဖို့ ဖြစ်ပါတယ်။ ဟို ပုဒ်မ ၁၇၊ ၁၈၊ ၁၉ နဲ့အရေးယူတာနဲ့မဆိုင်ပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီမှာ ဒါကြောင့်မို့လို့ အမှတ်စဉ် ၅၉ မှာ ဥပဒေကြမ်းကော်မတီက ရေးသား တင်ပြထားပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ထားရှိရန်ဖြစ်သည်။ ပြည်သူ့လွှတ်တော် ရဲ့အတည်ပြုချက်အတိုင်းထားရှိရန် ဖြစ်သည်ဆိုတဲ့အတွက် ဥပဒေကြမ်းကော်မတီအနေနဲ့ကျိုးကြောင်း ဖော်ပြချက်ရှိဖို့ လိုမယ်လေ။

**( )**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းထားရှိ သင့်သည်ဆိုတာ ပုဒ်မ ၂၇ ကို ပြောတာဖြစ်ပါတယ်ခင်ဗျား။ ပုဒ်မ ၂၇ မည်သူမဆို ပုဒ်မ ၁၇၊ ၁၈၊ ၁၉ ပါတာဝန်ကိုဆောင်ရွက်ရန်ပျက်ကွက်လျှင် ထိုသူကို ကျပ် ၅၀၀၀ ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက (၇)ရက်ထက်မပိုသော ထောင်ဒဏ်ကျခံစေရန် သက်ဆိုင်ရာ တရားရုံးက ချမှတ်ရမည်ဆိုတဲ့အပိုဒ်ကို ပြည်သူ့လွှတ်တော်က အတည်ပြုထားတာဖြစ်ပါတယ်ခင်ဗျား။ အမျိုးသားလွှတ်တော်က ၃၆ နဲ့ယှဥ်ပို့လာတာ အကယ်၍ သူတို့က အပေါ်ကစီရင်ပိုင်ခွင့်အာဏာ တွေကိုရခဲ့လို့ရှိရင် ဆိုပြီးတော့မှ ဒီပုဒ်မ ၃၆ ကို ထည့်သွင်းတယ်လို့ယူဆပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ ဒီပုဒ်မ ၂၇ ကတော့ ပြည်သူ့လွှတ်တော်က အတည်ပြုထားပြီးဖြစ်တဲ့အတိုင်း

ကျွန်တော်တို့ အတည်ပြုပြီးဖြစ်ပါတယ်။ ခုနကပုဒ်မ ၃၆ ကတော့ ပယ်ဖျက်တာလည်း မဟုတ်တဲ့အပြင် ကျွန်တော်တို့ နားလည်တာကတော့

**ဥက္ကဋ္ဌ**။ ။ နားလည်ပြီ။ သဘောကတော့ ပြည်သူ့လွှတ်တော်က အတည်ပြုထားချက်အတိုင်း ပြည်သူ့လွှတ်တော်တင်ပြဖို့ပဲရှိမယ်။ ခုန မရှင်းလင်းတဲ့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ခံယူတာ၊ ဘာညာ ဒါတွေမပြောတော့နဲ့၊ ကဲဒါကြောင့်မို့လို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကို ကန့်ကွက်ရန် ရှိပါက မတ်တတ်ရပ်ပါ။ ကြားနေရှိပါက မတ်တတ်ရပ်ပါ။ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နောက်အခန်း ၁၄၊ ဥပဒေကြမ်းကော်မတီက တစ်ယောက်ဖတ်ပါ။ အခုဖတ်ခိုင်းနေတာက ဥပဒေကြမ်းကော်မတီက မိမိတို့ရဲ့ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ထားရှိရန်ဆိုတဲ့ဟာပြောတဲ့အတွက်

**( )**။ ။ အမှတ်စဉ် ၆၀၊ အခန်း ၁၄၊ ချီးမြှင့်ထောက်ပံ့ငွေ ပုဒ်မ ၃၇ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်၊ အခန်း ၁၂၊ ချီးမြှင့်ထောက်ပံ့ငွေ ပုဒ်မ ၂၈ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်၊ အခန်း ၁၃၊ ချီးမြှင့်ထောက်ပံ့ငွေ ပုဒ်မ ၃၇ ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဘာကြောင့် အခန်း ၁၂၊ အခန်း ၁၃၊ ဒါကတော့ ဘာမှအကြောင်းအရာမပါဘူး။ ဟိုဟာတွေ ဖျက်လိုက်တဲ့အတွက် အလိုလိုပျက်သွားပြီ။ ဆိုလိုတာက အဲဒါကိုပြောတာ၊ ဒါကြောင့်မို့လို့အပေါ်က တစ်ခုဖျက်လိုက်တဲ့အတွက် ဒါတွေလည်းတစ်ခါတည်း ပျက်သွားပါပြီဆိုတာကို ခင်ဗျားတို့ဥပဒေကြမ်းကော်မတီက တစ်ခါတည်း စဉ်ပြောသွားဖို့ပြောတာ။ မလိုဘဲနဲ့ထပ်ပြီးတော့ ဆွေးနွေးနေရလို့အပေါ်က တစ်ခုပျက်လိုက်တဲ့အတွက် ကျန်တာအလိုအလျောက် ပျက်သွားပါပြီ။ ဘယ်အထိဘယ်အထိဆိုတာ အဲဒါကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့လိုတယ်။ အဲဒီလို မတင်ပြနိုင်ရင်တော့ တစ်ပိုဒ်ချင်းပဲသွားမယ်နော်။

**ဥက္ကဋ္ဌ**။ ။ ၆၁ ဥပဒေကြမ်းကော်မတီက ပဲဖတ်ပါ။

**( )**။ ။ အမှတ်စဉ် ၆၁၊ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်။ အခန်း ၁၃၊ ရုံးအသုံးစရိတ်များ၊ ပုဒ်မ ၂၉၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများအတွက် အသုံးစရိတ်များကို လယ်ယာမြေတွင်ကောက်ခံသည့် အခွန်အတွက်ရရှိမည့် ခိုင်ကြေးပေါ်မှ အချိုးကျရငွေဖြင့် ကျခံရမည်။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အခန်း ၁၄၊ ရုံးအသုံးစရိတ်များ၊ ပုဒ်မ ၃၈၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး များအတွက် ရုံးအသုံးစရိတ်များကို မြေခွန်၊ မြေခကောက်ခံရရှိသည့် ခိုင်ကြေးအပေါ်မှ အချိုးကျရငွေဖြင့်ကျခံ သုံးစွဲရမည်။

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော် အတည်ပြုချက်အတိုင်း ဆောင်ရွက်ရမယ်။ အကျိုးအကြောင်း ဖော်ပြပါ။ ဥပဒေကြမ်းကော်မတီက

**( )**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအခန်းမှာဆိုရင် ကျွန်တော်တို့ ဒီပြည်သူ့လွှတ်တော်က မူရင်းအတည်ပြုထားတာ လယ်ယာမြေကောက်ခံသည့်အခွန် အတွက်ရရှိသည့် ခိုင်ကြေးပေါ်မှ အချိုးကျရငွေဖြင့်ကျခံရမည်လို့ မူရင်းကအတည်ပြုထားတာပါ။ အမျိုးသားလွှတ်တော်အနေနဲ့ကတော့ မြေခွန်၊ မြေခကောက်ခံရသည့် ခိုင်ကြေးအပေါ်ကလို့ ဆိုထား ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က မူရင်းအတည်ပြုထားတဲ့ လယ်ယာမြေ ကောက်ခံသည့်အခွန်အတွက် ရရှိသည့်ခိုင်ကြေးအပေါ်မှဆိုတဲ့ စကားကပိုပြီး မှန်ကန်သင့်မြတ်ပါတယ်။ စကားလုံးလည်း ကျစ်လစ်သိပ်သည်းတဲ့အတွက် ဒါ့ကြောင့် ပြည်သူ့လွှတ်တော်ရဲ့ မူလအတည်ပြုချက် အတိုင်းထားသင့်ပါကြောင်း အဆိုတင်သွင်းအပ်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကို ကန့်ကွက်ရန်ရှိက မတ်တတ်ရပ်ပါ။ ကြားနေရန်ရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်ရန်၊ ကြားနေရန်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ၆၂၊ အသစ်ဖြည့်ခြင်း။

**( )**။ ။ အမှတ်စဉ် ၆၂၊ ဝန်ကြီးဌာနရဲ့အဆိုပြုချက် မူလမရှိပါဘူးခင်ဗျား။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် မရှိပါဘူးခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် ပုဒ်မ ၃၉၊ အခန်း ၁၁ ပါ၊ စီမံခန့်ခွဲရေးနည်းလမ်းအရ ဆောင်ရွက်ခြင်းမှ ရရှိသည့်ဒဏ်ကြေးငွေနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းမှ ဥပဒေနှင့်အညီ အခြားကောက်ခံရရှိသည့်အခွန်အခများကို မြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် သက်ဆိုင်ရာငွေစာရင်းခေါင်းစဉ်ဖြင့် နိုင်ငံတော်သို့ ပေးသွင်းရမည် ဟု ပြင်ဆင်ထားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို ထောက်ခံတဲ့သူများရှိရင် မတ်တတ်ရပ်ပါ။ ကြားနေမယ့်သူရှိရင် မတ်တတ်ရပ်ပါ။ ထောက်ခံသူမရှိတဲ့အတွက် ဒီဟာကို ကျွန်တော်တို့ အတည်မဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကတော့ သူ့ဟာသူတင်ပြတဲ့အတွက် ပြည်ထောင်စုပဲတက်သွားမယ့် သဘော ရှိမယ်။

**ဥက္ကဋ္ဌ**။ ။ နောက်တစ်ပိုဒ် ၆၃။

(    )။    ။ အမှတ်စဉ် ၆၃၊ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် ပုဒ်မ ၃၀၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် အပိုဒ်ခွဲ(က) ပုဒ်မ ၂၉ အရ ရုံးအသုံးစရိတ်များကို ကျခံရာတွင် ရငွေဖြင့်လုံလောက်မှုမရှိပါက မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြတောင်းခံနိုင်သည်။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ပုဒ်မ ၄၀ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် အပိုဒ်ခွဲ(က) ပုဒ်မ ၃၈ အရ ရုံးအသုံးစရိတ်များကိုကျခံရာတွင် ရငွေဖြင့်လုံလောက်မှုမရှိပါက မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြတောင်းခံနိုင်သည်။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် ပုဒ်မ ၃၀၊ ပုဒ်မခွဲ(ခ)ကို ဆက်ဖတ်ပါမယ်ခင်ဗျား။ ပုဒ်မ ၃၉ ပါရငွေနှင့်စပ်လျဉ်း၍ ပုဒ်မ ၂၉ ပါ၊ ရငွေများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အုပ်ချုပ်ရေးမှူးထံတင်ပြရမည်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ပုဒ်မ ၄၀၊ ပုဒ်မခွဲ(ခ)ကို ဆက်ဖတ်ပါမယ်ခင်ဗျား။ ပုဒ်မ ၃၈ နှင့် ၃၉ ပါ ရငွေများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်။

**ဥက္ကဋ္ဌ**။    ။ ဒါ့ကြောင့် ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက် ကန့်ကွက်ရန်ရှိတဲ့သူ မတ်တတ်ရပ်ပါ။ ကြားနေရန်ရှိတဲ့ သူမတ်တတ်ရပ်ပါ။ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။    ။ နောက်ဆက်ဖတ်ပါ။

(    )။    ။ အမှတ်စဉ် ၆၄၊ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက် အပိုဒ် ၃၁ ဟု ပြင်သည်။ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက် အပိုဒ် ၄၁ ဟုပြင်သည်။

**ဥက္ကဋ္ဌ**။    ။ နောက်တစ်ပိုဒ် ဆက်ဖတ်ပါ။ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ဖြစ်သည်။

(    )။    ။ အမှတ်စဉ် ၆၅၊ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက် အခန်း (၁၄) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုစာရေး၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အခန်း(၁၆) ပြည်သူ့လွှတ်တော် ၏ အခန်း(၁၄) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုစာရေးခေါင်းစဉ်အား ပယ်ဖျက်သည်။

**ဥက္ကဋ္ဌ**။    ။ ဒါလည်းဆန္ဒခံယူရန်မလိုပါဘူး။ ဆက်ဖတ်ပါ။

(    )။    ။ အမှတ်စဉ် ၆၆၊ ပြည်သူ့လွှတ်တော်၏အတည်ပြုချက်၊ အပိုဒ် ၃၂ ဟု ပြင်သည်။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အခန်း (၁၅) ၊ အထွေထွေအပိုဒ် ၄၂ ဟုပြင်သည်။

**ဥက္ကဋ္ဌ**။    ။ ဒါလည်း သီးခြားဆောင်ရွက်ရန် မလိုပါဘူး။ ဆက်ဖတ်ပါ။

(    )။    ။ အမှတ်စဉ် ၆၇၊ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အပိုဒ် ၃၃ ဟုပြင်သည်။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ပယ်ဖျက်သည်။

**ဥက္ကဋ္ဌ**။ ။ ဒါလည်းအထူးဆန္ဒခံရန်မလိုပါ။ နောက်တစ်ပိုဒ်ဆက်ဖတ်ပါ။

( )။ ။ အမှတ်စဉ် ၆၈၊ ဝန်ကြီးဌာနရဲ့အဆိုပြုချက် မူလပြဋ္ဌာန်းချက်မရှိပါဘူးခင်ဗျား။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် မရှိပါဘူး။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ပုဒ်မ ၄၃၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ဧည့်စာရင်းတိုင်ကြားခြင်းကိစ္စနှင့် စပ်လျဉ်း၍ ငွေကြေး တစ်စုံတစ်ရာ ကောက်ခံခြင်းမပြုရ။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် မူလတုန်းက မပါရှိပါဘူး။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ဧည့်စာရင်းတိုင်ကြားခြင်းကိစ္စနှင့် စပ်လျဉ်း၍ ငွေကြေး တစ်စုံတစ်ရာကောက်ခံခြင်း မပြုရဆိုတဲ့အဆိုကို ကန့်ကွက်မယ့်သူရှိက မတ်တတ်ရပ်ပေးပါ။ ကြားနေ မယ့်သူရှိက မတ်တတ်ရပ်ပေးပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ၄၃ ဖတ်ပါ။

( )။ ။ အမှတ်စဉ် ၆၉၊ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက် အပိုဒ် ၃၄ ဟုပြင်သည်။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ပုဒ်မ ၄၄၊ ပိုဒ်မခွဲ(က) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ခြင်း။

**ဥက္ကဋ္ဌ**။ ။ ရပြီ။ အထူးပြင်ရန်မလိုပါ၊ နောက်တစ်ပိုဒ်

( )။ ။ အမှတ်စဉ် ၇၀၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၃၅ ဟုပြင်သည်။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ပုဒ်မ ၄၅၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး သည် မိမိ၏လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် လိုအပ်သောအကြံဉာဏ်နဲ့ အထောက်အကူ ရရှိနိုင်ရေးအတွက် ဆယ်အိမ်စုကိုယ်စားလှယ်များထဲမှ သင့်လျော်သည့်ပုဂ္ဂိုလ် အနည်းဆုံး ၅ ဦးထက် မနည်းရွေးချယ်၍ ယင်းတို့၏အမည်စာရင်းကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြအတည်ပြုချက် ရယူရမည်။

**ဥက္ကဋ္ဌ**။ ။ ဒါလည်းအထွေအထူး ဆန္ဒခံယူရန်မလိုပါဘူး။ အပိုဒ် ၃၅ ဟုပြင်သည်ဆိုတဲ့ ဟာပဲဖြစ်ပါတယ်။ ဆက်ဖတ်ပါ။

( )။ ။ အမှတ်စဉ် ၇၁၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အပိုဒ် ၃၆ ဟု ပြင်သည်။ အပိုဒ် ၃၇ ဟုပြင်သည်။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပိုဒ် ၄၆ ဟုပြင်သည်။ အပိုဒ် ၄၇ ဟုပြင် သည်။

**ဥက္ကဋ္ဌ**။ ။ ဒါလည်းအထူးဖော်ပြစရာမရှိပါဘူး။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ထားရှိရန်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါနဲ့ ကျေးရွာအုပ်ချုပ်ရေးဥပဒေ၊ မူလအဆိုပြုချက်၊ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်နှင့်ပြင်ဆင်ရန်အတွက် ဆွေးနွေးပြီးပါပြီ။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြပြီး အဆုံးအဖြတ်ရယူရာမှာ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက်မှ အပိုဒ် ၂၊ အပိုဒ်ခွဲ(ည)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ (ဠ)၊ အပိုဒ်ခွဲ (ရ)၊ အပိုဒ် ၇၊ အပိုဒ်ခွဲ(က)၊ (ခ)၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ (ဗ)၊ အပိုဒ် ၁၈၊ အပိုဒ်(က)၊ အပိုဒ် ၂၄၊ အပိုဒ် ၄၃ တို့ကိုသဘောတူကြောင်းဆုံးဖြတ်ခဲ့ပါတယ်။ ဒါ့ကြောင့်အဆိုမှာ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက်မှ ပြည်သူ့လွှတ်တော်ကသဘောတူသော အထက်ပါအပိုဒ်၊ အပိုဒ်ခွဲများသည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်အဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[**သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တင်ပြပါ အပိုဒ်များသည် ဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကပြင်ဆင်ချက် ဖြင့်ပြန်လည်ပေးပို့သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြပြီး အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ သဘောတူသော အပိုဒ်များမှအပ ကျန်အပိုဒ်များကို သဘောမတူကြောင်း ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ ဒါ့ကြောင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၄၊ နည်းဥပဒေခွဲ(က)အရ ထို့သို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ဖိတ်ခေါ်ပါတယ်။

**ဦးစောလှထွန်း(ချောင်းဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်း ဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှုဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၄ အရ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်အဆိုတစ်ရပ်အနေနဲ့ တင်သွင်းမှာဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု

အုပ်ချုပ်ရေးမှုးဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ကအတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ရာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာခြင်းအပေါ် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအား ပြည်သူ့လွှတ်တော်မှ သဘောတူညီမှုမရှိသည့် ပြင်ဆင်ချက်များကို ပြည်ထောင်စု လွှတ်တော်တွင်ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတစ်ရပ်အား လေးစားစွာ တင်ပြအပ်ပါ တယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**( )**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်း ဒေသကြီး၊ ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်း တင်သွင်းသောအဆိုအား အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် သိန်းထွန်းဦးမှ ထောက်ခံပါကြောင်းလေးစားစွာ တင်ပြ အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များ အပေါ် သဘောထားကွဲလွဲခြင်းများကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြ သင့်ကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။(သြဘာသံများ)

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် သဘောထား ကွဲလွဲချက်များကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန်အဆို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး ပြီး ၃-၁၀-၂၀၁၁ ရက်နေ့က အတည်ပြုခဲ့တဲ့ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခွင့်ဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ၄-၁၀-၂၀၁၁ ရက်နေ့တွင် ပေးပို့ခဲ့ ပါတယ်။ ဒီဥပဒေကြမ်းကို ၂၈-၁၀-၂၀၁၁ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၂၊ နည်းဥပဒေခွဲ(က)အရ ပြင်ဆင်ချက်မိတ္တူများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ၃၀-၁၀-၂၀၁၁ ရက်နေ့တွင် ဖြန့်ဝေ ခဲ့ပါတယ်။ ဆက်လက်ပြီး ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ

ဥပဒေကြမ်းကို ဆက်လက်ပြီးတော့ ဇယားများနဲ့ ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပထမဦးဆုံး စာမျက်နှာ ဖြစ်ပါတယ်။ အမှတ်စဉ် ၁ ပါ။ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက် ဖြစ်ပါတယ်။ ဒါကို ဥပဒေကြမ်းကော်မတီကတစ်ဦးဖတ်ကြားပါ။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ အခန်း ၁၊ ပုဒ်မ ၂(စ) အမျိုးသားလွှတ်တော်က ပြင်ဆင်သည့် အတည်ပြုချက်၊ ဆိုင်းဘုတ်ဆိုသည်မှာ ပါတီ သို့မဟုတ် အသင်း သို့မဟုတ် အဖွဲ့အစည်း တစ်ခုခု၏ အမည်၊ အထိမ်းအမှတ်တံဆိပ်တို့ကို ရေးသားဖော်ပြချက်များအပါအဝင် လူတစ်ဦး တစ်ယောက်၏အသရေကို နစ်နာမှုမဖြစ်စေသော မိမိဆန္ဒသဘောထားနှင့် လိုလားချက်တို့ကို စာဖြင့် ရေးသား၍ လက်တွင်ကိုင်ဆောင်နိုင်ရန်၊ မြေတွင်စိုက်ထူနိုင်ရန်၊ တစ်နေရာရာ၌ ချိတ်ဆွဲနိုင်ရန် သို့မဟုတ် တစ်နည်းနည်းဖြင့် ဖော်ပြနိုင်ရန် စီမံပြုလုပ်ထားသောအရာကို ဆိုသည်။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်ကို ကန့်ကွက်ရန်ရှိက မတ်တတ်ရပ်ပါ။ ကြားနေရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေတဲ့သူမရှိတဲ့အတွက် အမျိုးသား လွှတ်တော်က ပြင်ဆင်အတည်ပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂ ကို ဥပဒေကြမ်းကော်မတီက တစ်ဦးဖတ်ပါ။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်၊ အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း ၁၊ ပုဒ်မ ၂ (ဇ) အလံဆိုရာတွင် တရားဝင်ပါတီနှင့် တရားဝင်အသင်းအဖွဲ့အလံတို့ကို ဆိုသည်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ရန်ရှိက မတ်တတ်ရပ်ပါ။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ကန့်ကွက်ခွင့်ပြုပါ။ ဘာဖြစ်လို့ ကန့်ကွက်ရသလဲ ဆိုတော့ နိုင်ငံတော်မူတွဲ မူလဥပဒေကရေးထားတာ နိုင်ငံတော်အလံ၊ တရားဝင်ပါတီနှင့် တရားဝင် အသင်းအဖွဲ့အလံ၊ အခုဒီမှာ နိုင်ငံတော်အလံကို ဖြုတ်လိုက်တော့ ကျွန်တော်တို့ အချုပ်အခြာအာဏာ ထိပါးလာတဲ့ကိစ္စမျိုးကို အမျိုးသားအလံကိုင်ပြီးတော့ ကျွန်တော်တို့ ပြည်သူလူထုရဲ့ဆန္ဒကို ဖော်ပြတဲ့ ဟာမျိုးကျရင် အခုလို အမျိုးသားလွှတ်တော်က ပယ်ဖျက်လိုက်တဲ့အတွက် နိုင်ငံတော်အလံကို ကိုင်ဆောင်ခွင့်မရဘဲအထိ ဖြစ်သွားပါလိမ့်မယ်။ အဲ့ဒါကြောင့် နိုင်ငံတော်အလံနဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော်က ပယ်ဖျက်ခြင်းကို ကျွန်တော်တို့ လက်မခံသင့်ဘူး။ မူလဝန်ကြီးဌာနက ပြဌာန်းတဲ့အတိုင်းပဲ အလံဆိုရာတွင် နိုင်ငံတော်အလံ၊ တရားဝင်ပါတီနှင့် တရားဝင်အသင်းအဖွဲ့ အလံတို့ပါဝင်သည်ဆိုတာ အားလုံးကိုခြုံငုံမိပြီးတော့ လက်တွေ့လုပ်နိုင်တဲ့ဟာ ဖြစ်ပါတယ်။ ဒါကြောင့် မူလအတိုင်း ထားသင့်ပါတယ်လို့ ရှင်းလင်းတင်ပြပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို ကန့်ကွက်ကြောင်း မတ်တတ်ရပ်ပါတယ်။ (ဩဘာသံများ)

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ရှင့်။ ကျွန်မတို့နိုင်ငံအတွက်အရေးကြီးဆုံးသော အလံက နိုင်ငံတော်အလံဖြစ်ပါတယ်ရှင်။ နိုင်ငံတော်အလံကို ဖြုတ်လိုက်တယ်ဆိုရင် ကျွန်မတို့ အတွက်က ဘာမှအဓိပ္ပာယ်မရှိတော့ပါဘူးရှင့်။

**ဥက္ကဋ္ဌ**။ ။ သဘောပေါက်ပါပြီ။ ဒါကြောင့် အမျိုးသားလွှတ်တော်က ပြင်ဆင်တဲ့အလံကိစ္စနဲ့ ပတ်သက်လို့ ထောက်ခံတဲ့သူရှိရင် မတ်တတ်ရပ်ပါ။ ကြားနေတဲ့သူရှိရင် မတ်တတ်ရပ်ပါ။ ထောက်ခံ၊ ကြားနေမရှိတဲ့အတွက် မူလလက်ရှိပြဋ္ဌာန်းချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဥ် ၃ ဆက်ဖတ်ပါ။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်၊ အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပုဒ်မ ၄၊ အမျိုးသား လွှတ်တော်က ပြင်ဆင်သည့် အတည်ပြုချက်၊ မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်လိုသော နိုင်ငံသားများ သို့မဟုတ် အဖွဲ့အစည်းများသည် ခွင့်ပြုမိန့်ရရှိရန် အောက်ပါအချက်များ ပါဝင်သော လျှောက်လွှာကို သက်ဆိုင်ရာမြို့နယ်ရဲတပ်မှူးထံ ယင်းသို့ဆောင်ရွက်မည့်နေ့ရက် မတိုင်မီ အနည်းဆုံး ၅ ရက် ကြိုတင်၍ တင်ပြရမည်။ ပုဒ်မခွဲ(က) ငြိမ်းချမ်းစွာစုဝေးခြင်းပြုလုပ်လိုသည့် ရည်ရွယ်ချက်၊ နေရာ၊ နေ့ရက်၊ အချိန်အပိုင်းအခြား၊ ငြိမ်းချမ်းစွာ စုဝေးပြုလုပ်ရာတွင် ဟောပြောလိုသည့် အကြောင်းအရာနှင့် ကြွေးကြော်လိုသည့် ကြွေးကြော်သံများ၊ ပုဒ်မခွဲ(ခ) ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်းပြုလုပ်လိုသည့် ရည်ရွယ်ချက်၊ လမ်းကြောင်း၊ နေ့ရက်၊ အချိန်အပိုင်းအခြားနှင့် ကြွေးကြော်လိုသည့် ကြွေးကြော်သံများ၊ ပုဒ်မခွဲ(ဂ)ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်းနှင့်စပ်လျဥ်း၍ အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ပါက ယင်းအဖွဲ့အစည်း၏ ဆုံးဖြတ်ချက်မှတ်တမ်း သို့မဟုတ် အထောက်အထား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်ကို ကန့်ကွက်တဲ့သူများရှိရင် မတ်တတ်ရပ်ပါ။ ကြားနေမယ့်သူရှိရင် မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် အမျိုးသား လွှတ်တော်က ပြင်ဆင်အတည်ပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နောက်တစ်ပုဒ်ဆက်ဖတ်ပါ။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ အခန်း(၄)၊ ပုဒ်မ ၅၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်၊ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးသည် နိုင်ငံသားတစ်ဦးကဖြစ်စေ၊ နိုင်ငံသားအများက ဖြစ်စေ ခွင့်ပြုမိန့်ရရှိသတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့်

ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။ သို့ရာတွင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးငှာပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်းမပြုရ။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်၊ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးသည် နိုင်ငံသားတစ်ဦးကဖြစ်စေ၊ နိုင်ငံသားအများကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ ခွင့်ပြုမိန့် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။ သို့ရာတွင် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးငှာပြဋ္ဌာန်းထားသည့် ခွင့်ပြုမိန့်၊ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် ခွင့်ပြုမိန့် ထုတ်ပေးရန် ငြင်းပယ်ခြင်း မပြုရ။

**ဥက္ကဋ္ဌ**။ ။ ဒီမှာ ပြည်သူ့လွှတ်တော်ကလည်း အတည်ပြုချက်ပေးထားတာ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီအနေနဲ့သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကိုတော့ ဒီမှာပြန်လည်အတည် ပြုဖို့ဆိုတာ ဖော်ပြထားခြင်း မရှိပါဘူး။ ဒါကြောင့် ကျွန်တော် အခုမေးပါမယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်ကို ကန့်ကွက်မယ့်သူရှိရင် မတ်တတ်ရပ်ပါ။ ကြားနေရန်ရှိရင် မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက် အတည်ဖြစ် ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နောက်တစ်ပိုဒ်ဖတ်ပါ။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်၊ အခန်း(၅)၊ ပုဒ်မ ၁၂ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ပြုသူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်။ ပုဒ်မခွဲ(ခ)၊ ခွင့်ပြုထားသော စုဝေးသည့်နေရာ သို့မဟုတ် စီတန်း လှည့်လည်သည့် လမ်းကြောင်းတစ်လျှောက်ရှိ ပြည်သူပိုင်ပစ္စည်း၊ အများပိုင်ပစ္စည်း၊ ပုဂ္ဂလိကပိုင် ပစ္စည်းကို ထိခိုက်ပျက်စီးစေမည့် အပြုအမူ၊ ပတ်ဝန်းကျင်ညစ်ညမ်းစေမည့် အပြုအမူများ မပြုလုပ်ရ။ ပုဒ်မခွဲ(င)၊ နိုင်ငံတော်နှင့်ပြည်ထောင်စုကိုဖြစ်စေ၊ လူမျိုး သို့မဟုတ် ဘာသာရေးကိုဖြစ်စေ၊ လူ့သိက္ခာ နှင့် ကိုယ်ကျင့်တရားကိုဖြစ်စေ ထိခိုက်စေမည့် အပြောအဆိုနှင့်အပြုအမူများကိုမပြုလုပ်ရ။ ပုဒ်မခွဲ(စ)၊ မမှန်မကန်သတင်းများ၊ ကောလဟာလများကိုဖြစ်စေ၊ မမှန်မကန်အချက်အလက်များကို

ဖြစ်စေ ဟောပြောခြင်းမပြုလုပ်ရ။ (ဆ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို ပြုရာတွင် အလံ၊ ပိုစတာနှင့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ခြင်း၊ ပြသခြင်းပြုလုပ်နိုင်သည်။ (ဇ) ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုရာတွင် လက်ကိုင်အသံချဲ့စက်မှအပ အသံချဲ့စက်အသုံးပြုခြင်း၊ ခွင့်ပြုထားသော ကြွေးကြော်သံများမှအပ ကြွေးကြော်ခြင်းနှင့် အော်ဟစ်ခြင်းမပြုလုပ်ရ။ (ဈ) တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့် စည်းကမ်းထိန်းသိမ်းမှုကို လိုက်နာရမည်။ ပုဒ်မခွဲ(ည)လိုအပ်ချက်အရ ထုတ်ပြန်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။ (ဋ) ခွင့်ပြုမိန့်ရုပ်သိမ်းခြင်း ခံရပါက ဆက်လက်ဆောင်ရွက်ခြင်း မပြုလုပ်ဘဲ လူစုခွဲရမည်။

ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်၊ ပုဒ်မခွဲ(င)၊ မမှန်ကန်သော သတင်းများ၊ ကောလဟာလများကိုဖြစ်စေ၊ မမှန်ကန်သောအချက်အလက်များကိုဖြစ်စေ ဟောပြောခြင်း မပြုလုပ်ရ။ ပုဒ်မ (စ)၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ပြုရာတွင် အလံ၊ ပိုစတာနှင့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ခြင်း၊ ပြသခြင်းပြုလုပ်နိုင်ပြီး ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုရာတွင် ခွင့်ပြုထားသော ကြွေးကြော်သံများမှအပ ကြွေးကြော်ခြင်းနှင့် အော်ဟစ်ခြင်းများမပြုလုပ်ရ။ (ဆ) လုံခြုံရေးတာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့်စည်းကမ်းထိန်းသိမ်းမှုကို လိုက်နာရမည်။ (ဇ) အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။ (ဈ) ခွင့်ပြုမိန့်ရုပ်သိမ်းခြင်းခံရပါက ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ လူစုခွဲရမည်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်လည်းရှိပါတယ်။ ဒါအပေါ် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်လည်းရှိပါတယ်။ အခု အမျိုးသားလွှတ်တော်က ပြင်ဆင် အတည်ပြုချက်ကို ကန့်ကွက်တဲ့သူများရှိပါက မတ်တတ်ရပ်ပေးပါ။ ကြားနေသူများရှိက မတ်တတ်ရပ်ပေးပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နောက်တစ်ပိုဒ် ဆက်ဖတ်ပါ။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ အခန်း(၆)၊ပုဒ်မ ၁၃၊ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်၊ ခွင့်ပြုမိန့်ရ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို ဥပဒေနဲ့အညီ ဆောင်ရွက်နေသူတို့အား နှောင့်ယှက်ဖျက်စီးခြင်း သို့မဟုတ် ဟန့်ထားခြင်း မဖြစ်စေနိုင်ရန်လည်းကောင်း၊ ဘေးအန္တရာယ်မဖြစ်စေရန်လည်းကောင်း ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သော ရဲအရာရှိတစ်ဦးက လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်ရမည်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်၊ အတည်ပြုပြင်ဆင်ချက် ကန့်ကွက်ရန်ရှိက မတ်တတ်ရပ်ပါ။ ကြားနေတဲ့သူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့ အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နောက်တစ်ပိုဒ် ဆက်ဖတ်ပါ။

**ဦးသိန်းထွန်းဦး**။ ။ အခန်း(၆)၊ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(ခ) အမျိုးသားလွှတ်တော်က ပြင်ဆင်သည့် အတည်ပြုချက်၊ ပုဒ်မခွဲ(က)အရ သတိပေးသည်ကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ချက်ချင်းတင်ပြရမည်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်အား ကန့်ကွက်ရန်ရှိက မတ်တတ်ရပ်ပါ။ ကြားနေရန်ရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နောက်တစ်ပိုဒ် ဆက်ဖတ်ပါ။

**ဦးသိန်းထွန်းဦး(ဥပဒေကြမ်းကော်မတီ)**။ ။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ပုဒ်မ ၁၄(ခ) အရ တင်ပြချက်ကိုရရှိလျှင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးထံ ချက်ချင်းတင်ပြခွင့်ပြုချက်ရယူပြီး ငြိမ်းချမ်းစွာစုဝေးခြင်း ခွင့်ပြုမိန့်ကိုသော်လည်းကောင်း၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ခွင့်ပြုမိန့်ကိုသော်လည်းကောင်း ရုပ်သိမ်းနိုင်သည်။ ယင်းသို့ ရုပ်သိမ်းကြောင်းကို တာဝန်ရှိသူက နှုတ်ဖြင့်ကြေညာပြီးနောက် ၂၄ နာရီအတွင်းစာဖြင့် အကြောင်းကြားရမည်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်ကို ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နောက်တစ်ပိုဒ်ဆက်ဖတ်ပါ။

**(ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်၊ ခွင့်ပြုမိန့်ကို ရုပ်သိမ်းကြောင်း ကြေညာပြီးနောက် ဆက်လက်စည်းကမ်းဖောက်ဖျက်ခြင်းများ ရှိနေပါ က မြို့နယ်ရဲတပ်ဖွဲ့မှူးသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်ရမည်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်အား ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နောက်တစ်ပိုဒ် တပ်မတော်သားကိုယ်စားလှယ် ရှေ့တန်းက တစ်ယောက် ထဖတ်ပါ။

**တပ်မတော်သားကိုယ်စားလှယ်**။ ။ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက် မည်သူမဆိုခွင့်ပြုမိန့်နှင့်အညီ ငြိမ်းချမ်းစွာ စုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ပြုသူများအား နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဟန့်တားခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ လက်ရောက်မှု ကျူးလွန်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေခြင်းပြုကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုနှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်ကို ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နောက်တစ်ပိုဒ်ကို နောက်ထပ် တပ်မတော်သားကိုယ်စားလှယ်တစ်ဦးက ဖတ်ပါ။

**တပ်မတော်သားကိုယ်စားလှယ်**။ ။ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်၊ မည်သူမဆို ခွင့်ပြုမိန့်မရရှိဘဲ ငြိမ်းချမ်းစွာစုဝေးခြင်း၊ သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၃၀၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်အား ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နောက်တစ်ပိုဒ်၊ တပ်မတော်သားကိုယ်စားလှယ်တစ်ဦး ထဖတ်ပါ။

**တပ်မတော်သားကိုယ်စားလှယ်**။ ။ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်၊ မည်သူမဆို ပုဒ်မ ၈၊ ပုဒ်မခွဲ(င)အရ သတ်မှတ်သော စည်းကမ်းတစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ပုဒ်မ ၁၀၊ ၁၁ နှင့် ၁၂ တို့ပါစည်းကမ်းတစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား

စီရင်ခြင်းခံရလျှင် ထိုသူကို ၆ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်ကို ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နောက်တစ်ပိုဒ်ကို လွှတ်တော်အခွင့်အရေးကော်မတီက ကိုယ်စားလှယ်တစ်ဦး ဖတ်ပါ။

**ဒေါက်တာစိုးရင်(ကမာရွတ်မဲဆန္ဒနယ်)**။ ။ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက် အခန်း(၇)ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်ကို ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ မိုက်ပေးပါ။

**ကိုယ်စားလှယ်တစ်ဦး**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအရေးအသားက ဥပဒေအရေးအသား ဖြစ်ပါတယ်။ အဲဒီတော့ ပြဋ္ဌာန်းပြီးသော ဥပဒေများအရ ပြန်ကြည့်မယ်ဆိုလို့ရှိရင်လည်းပဲ ဤဥပဒေအရ အရေးယူသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုအဖြစ်သတ်မှတ်ရသည်ဆိုတာ ဒါဥပဒေရဲ့ စကားရပ်ဖြစ်တဲ့အတွက် အခန်း(၇)ပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်ဆိုခြင်းဟာ ဥပဒေနဲ့မလျော်ညီပါဘူးခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ ဥပဒေနဲ့မလျော်ညီတဲ့အတွက် ဘာကိုအဆိုပြုချင်တာလဲ။

**ကိုယ်စားလှယ်တစ်ဦး**။ ။ မူလပြဋ္ဌာန်းချက်အတည်ပြုပေးဖို့

**ဥက္ကဋ္ဌ**။ ။ မူလပြဋ္ဌာန်းချက်ကိုပဲ အတည်ဖြစ်စေချင်ပါတယ်။

**ကိုယ်စားလှယ်တစ်ဦး**။ ။ ဟုတ်ကဲ့ပါ။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်လွယ်အောင် လက်ရှိမူလပြဋ္ဌာန်းချက်အား ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိကမတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် လက်ရှိမူလပြဋ္ဌာန်းချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နောက်တစ်ပိုဒ် ဥပဒေကြမ်းကော်မတီကဖတ်ပါ။

**ကိုယ်စားလှယ်တစ်ဦး**။ ။ အခန်း(၈)၊ ပုဒ်မ ၂၁ အမျိုးသားလွှတ်တော်က ပြင်ဆင်သည့် အတည်ပြုချက်၊ မည်သူမဆိုခွင့်ပြုမိန့်အရ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်းပြုရာတွင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး

တို့ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများကို ဆန့်ကျင်ကျူးလွန်လျှင်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးကို ထိခိုက်နစ်နာစေသော ပြုလုပ်မှုများကျူးလွန်လျှင်သော်လည်းကောင်း၊ ယင်းဖောက်ဖျက်ကျူးလွန်မှုများကို ယင်းတို့နှင့်သက်ဆိုင်သည့် တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်ရမည်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်အား ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နောက်တစ်ပိုဒ်ကို တပ်မတော်သားကိုယ်စားလှယ် ဒုတိယတန်းက ဖတ်ပါ။

**တပ်မတော်သားကိုယ်စားလှယ်**။ ။ အခန်း(၈)၊ ပုဒ်မ ၂၂ နိုင်ငံသားတစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်နိုင်ရန်အတွက် ငြိမ်းချမ်းစွာ လှည့်လည်ခြင်းနှင့် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခြင်းစသည့် အခွင့်အရေးများကို သုံးစွဲဆောင်ရွက်ရာ၌ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်အား ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိကမတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နောက်တစ်ပိုဒ်အား တပ်မတော်သားကိုယ်စားလှယ်တစ်ဦးမှပဲ ဖတ်ပါ။

**တပ်မတော်သားကိုယ်စားလှယ်**။ ။ အပိုဒ် ၁၆၊ အခန်း(၈) အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက် ပုဒ်မ ၂၃ ခွင့်ပြုချက်ရရှိသည့် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းသည် အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် စီတန်းခြင်းမပြုလုပ်လိုပါက ၂၄ နာရီ အတွင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးထံ ပြန်လည်တင်ပြရမည်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကပြင်ဆင်အတည်ပြုချက်အား ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိကမတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နောက်တစ်ပိုဒ် တပ်မတော်သားကိုယ်စားလှယ်မှပင်ဆက်ဖတ်ပါ။

**တပ်မတော်သားကိုယ်စားလှယ်**။ ။ အခန်း(၈)၊ ပုဒ်မ ၂၂(က) အမျိုးသားလွှတ်တော်က ပြင်ဆင်သည့်အတည်ပြုချက် ပုဒ် ၂၄ (က) လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်အား ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိကမတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြပြီး အဆုံးအဖြတ်ရယူရာမှာ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက်မှ အပိုဒ် ၂ ၊ အပိုဒ်ခွဲ(စ)၊ အပိုဒ် ၄ ၊ အပိုဒ်ခွဲ(က)၊ (ခ)၊ (င)၊ အပိုဒ် ၅ ၊ အပိုဒ်ခွဲ ၁၂၊ အပိုဒ်ခွဲ(ခ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ်ခွဲ(က)တို့ကို သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါတယ်။ ဒါ့ကြောင့် အဆိုမှာ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက်မှ ပြည်သူ့လွှတ်တော်ကသဘောတူသော အထက်ပါအပိုဒ်၊ အပိုဒ်ခွဲများသည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သင့်သည်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။သဘောမတူသူမရှိတဲ့အတွက် အထက်ပါအပိုဒ်များသည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပေးပို့သော ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြပြီး အဆုံးအဖြတ်ရယူရာမှာ ဥပဒေကြမ်းပါအပိုဒ် ၂၊ အပိုဒ်ခွဲ(ဇ)၊ အပိုဒ် ၂၀ တို့ကို သဘောမတူကြောင်း ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၄၊ နည်းဥပဒေခွဲ(က)အရ ထိုသို့ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကိုဖိတ်ခေါ်ပါတယ်။

**ဦးစောလှထွန်း(ချောင်းဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၄ အရ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမဲဆန္ဒနယ်မှ ကျွန်တော် စောလှထွန်းမှ အဆိုတစ်ရပ်

အနေနဲ့ တင်သွင်းမှာဖြစ်ပါတယ်။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ကအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ခဲ့ရာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာခြင်းအပေါ် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ၁၇ ချက်အနက် ၁၅ ချက်ကိုသဘောတူခဲ့ပြီး ပြည်သူ့လွှတ်တော်မှ သဘောတူညီမှု မရှိသည့် ပြင်ဆင်ချက် ၂ ချက် အခန်း(၁)၊ ပုဒ်မ ၂(ဇ) မူလပြဋ္ဌာန်းချက်နှင့် အခန်း(၈)၊ ပုဒ်မ ၂၀ မူလ ပြဋ္ဌာန်းချက်များကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုကိုထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ချောင်းဦးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်းတင်သွင်းတဲ့အဆိုကို ရှမ်းပြည်နယ်၊ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစတီဖန်မှ ထောက်ခံပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များ အပေါ် သဘောထားကွဲလွဲခြင်းများကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းအဆိုနဲ့စပ်လျဉ်း၍ လွှတ်တော်၏သဘောထားရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသား လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် သဘောထားကွဲလွဲချက်များကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၇ အရ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်း၍ အတည်ပြုပြီးသော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်းကို လွှတ်တော်က ၂-၁၁-၂၀၁၁ ရက်နေ့တွင် လက်ခံ ရရှိပါတယ်။ ယင်းဥပဒေကြမ်း၏မိတ္တူများကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ

တင်သွင်းနိုင်ရန်နှင့် ကိုယ်စားလှယ်များထံလေ့လာနိုင်ရန် ဖြန့်ဝေထားကြောင်း အသိပေးတင်ပြအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးအတည်ပြုခဲ့တဲ့ အမျိုးသားလွှတ်တော်သို့ပေးပို့ထားသော ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းတို့ကို ၃-၁၁-၂၀၁၁ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၂ အရ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဆွေးနွေးရန်အဆိုတင်သွင်းလိုသူများအနေနဲ့ ဆွေးနွေးလိုသည့်အကြောင်းအရာ၊ ဖော်ပြထားသောအကြောင်းစာကို လက်မှတ်ရေးထိုးပြီး ထပ်မံတင်ပြမယ့်နေ့၊ အချိန်မှာ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရန် အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုပထမအကြိမ်၊ ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန် အစည်းအဝေး ၄၆ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ်၊ ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန် အစည်းအဝေး ၄၇ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁၄ရက်(တနင်္လာနေ့) ၁၀း၀၀ နာရီ အချိန်မှာ ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၅း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]